စိတ်ကူးချိုချိုအရှုပ်ညာ

မောင်ဝဏ္ဏာ

မည်သည့်လူမျှ မျှောက်မဟုတ်

ဒုတိယအကြိမ်

မည်သည့်လူမျှ မျောက်မဟုတ်

လောကျစ်ဆိုတာ
တက္ကသိုလ်ကျောင်းတိုက်ကြီးတွေမှာသာ
သင်တဲ့ ပညာရပ်တစ်ခုပါ။
မိုးပေါ်ရောက်နေတယ်လို့ ထင်ရတဲ့
အဲဒီလောကျစ်ကြီးကို ကျွန်တော်က
မြေပြင်ပေါ် ဆွဲချကြည့်တာပါ။
အဲဒီလောကျစ်ကြီး မြေပြင်ပေါ်ကို ကြောင်ကျ မကျပဲ
ခွေးကျ ကျရင်
ကျွန်တော်မောင်ဝဏ္ဏကိုပဲ အပြစ်တင်ကြပါ။
ကျွန်တော့်ဆရာသမား:များ:နဲ့ လုံ:ဝ မသက်ဆိုင်ပါကြောင်:။

မောင်ဝဏ္ဏ

ISBN 9789997114495
9 789997 114495
2,000.00KS

မည်သည့်လူမှုမျောက်မဟုတ်၊ မောင်ဝဏ္ဏ
မျက်နှာဖုံးပန်းချီ - ထွန်းဝင်းအောင်
စာမျက်နှာ ၁၂၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅ ဘေ့လမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁ဂုဏ်၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၁၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ ပုံစံအုပ်တိုက်၏ ပထမအကြိမ်မှ၊

ရောင်းဈေး ၂ ၀ ၀ ၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချီချီစာအုပ်

■■■■■■■■■

မည်သည့်လူမျှ မျောက်မဟုတ်

လောကျစ်နှင့်မိတ်ဆွေဖွဲ့ခြင်း

No Man is Monkey

မောင်ဝဏ္ဏာ

ဒုတိယအကြိမ် ၂၀၁၇

)

၁။	ကျွန်တော် ကြောင်ရဲ့လား	၁
၂။	ကျွန်တော်သည် မျောက် မဟုတ်ပါ	၄
၃။	လောဂျစ်နဲ့ ဗေဒင်	၈
၄။	လောဂျစ်နဲ့ မိတ်ဆွေဖွဲ့ရအောင်	၁၆
၅။	နက္ခတ္တဗေဒနဲ့ စကြဝဠာဗေဒ	၂၇
၆။	ငါးစိမ်းတန်းလော့ဂျစ်မှသည်	၃၉
၇။	ဆင်ခြင်ပုံ မှန်ခြင်း၊ ဆင်ခြင်ပုံ မှားခြင်း	၅၀
၈။	လောဂျစ်ကို မြတ်နိုးဖို့ဆိုရင်	၇၄
၉။	အမှားများ	၉၁
၁၀။	လောဂျစ်ဘာကြောင့်လိုအပ်သလဲ	၁၀၄

ကျွန်တော် "ကြောင်" ရဲ့လား

အယူအဆသစ်၊ အတွေးအခေါ်သစ်၊ သီအိုရီသစ်တွေဟာ အူကြောင်ကြောင်နိုင်တယ်ဆိုတာ မှန်ပါတယ်။ အဲဒါကို စိုးရိမ်စရာမလိုပါဘူး။ အရေးကြီးတဲ့ မေးခွန်းက အဲဒီအတွေးအခေါ်သစ်၊ သီအိုရီသစ်တွေဟာ လုံလောက်အောင် အထိ အူကြောင်ကြောင်နိုင်ရဲ့လား ဆိုတာပါပဲ။

နီးလ်စ်ဘိုးရ် (Neils Bohr)
နိုဘယ်ဆုရ ရူပဗေဒပညာရှင်

အဲဒီစာကို အင်္ဂလိပ်လို မဖတ်ဖူးပါ။ ဆရာကြီး တက္ကသိုလ်ကြယ်ပွင့်ပြုစုတဲ့ စူပါကြိုးမျှင်လေး သီအိုရီစာအုပ်ထဲမှာ ဖတ်ရတာပါ။ ကျွန်တော် သဘောကျလို့ ပြန်ဖော်ပြလိုက်ပါတယ်။ ကျွန်တော် သဘောပေါက်သလောက် ပြောရရင် အတွေးအခေါ်သစ်၊ အယူအဆသစ်၊ သီအိုရီသစ်တွေဟာ စတင်ဖော်ပြတဲ့အခါမှာ အခြေအနေ၊ အချိန်အခါ၊ နေရာ၊ ဒေသ စတာတွေနဲ့ အံဝင်ခွင်ကျ မဖြစ်သေးလို့ ရူးကြောင်ကြောင် အယူအဆတွေလို့ ထင်နိုင်ပါတယ်။ (တကယ်လည်း ရူးကြောင်ပြီး အသုံးမဝင်တာတွေကတော့ သမိုင်းရေစီးထဲမှာ အမှိုက်အဖြစ်နဲ့ မျောပါပျောက်ဆုံးသွားမှာပါ။)

ကိုယ့်အယူအဆ၊ အတွေးအခေါ်သစ်၊ သီအိုရီသစ်ကို ကိုယ့်ဘာသာ ထောင့်စေ့အောင် ပြန်ဝေဖန်ဆန်းစစ်ပြီးရင် ဘယ်သူက ဘာပြောပြော (ကြောင်တယ်ပြောရုံမကလို့ ရူးသွားပြီလို့ပဲပြောပြော) ရဲရဲရင့်ရင့် တင်ပြဖို့ လိုပါတယ်။ အဝေဖန်တော့ ခံနိုင်ရမယ်ပေါ့။ ပြီးတော့ လုံလောက်အောင် 'ကြောင်' ရဲ့လား ဆိုတာလည်း အရေးကြီးပါတယ်။

ပရမ်းပတာ ကြောင်တာမဟုတ်ဘူး။ အကြောင်းခိုင်လုံတဲ့အထိ၊ လုံလောက်တဲ့အထိ ကြောင်သင့်ရင် ကြောင်ရမယ်ဆိုတဲ့သဘောလို့ ထင်ပါတယ်။ ဥပမာ ဆရာကြီး အိုင်းစတိုင်းရဲ့ ရီလေတီဗတီသီအိုရီနဲ့ စတုတ္ထမြောက် အတိုင်းအထွာ (Fourth dimension) ကို ကျွန်တော် စဉ်းစားကြည့်တိုင်း သွပ်ချောင်ချောင်ဖြစ်မိပါတယ်။

ကျွန်တော်တို့သိတာက အလျား၊ အနံ၊ ထုထည် ဆိုတဲ့ ဒိုင်မင်းရှင်း သုံးခုပဲ သိတယ်။ ဆရာကြီး အိုင်းစတိုင်းက (Time Space) အချိန်ကာလနဲ့ ဟင်းလင်းပြင်ကို စတုတ္ထဒိုင်မင်းရှင်း (အတိုင်းအထွာ) ဆိုတော့ အူလည်လည် ဖြစ်သွားတာပါပဲ။ [အခု နှစ်ဆယ့်တစ်ရာစုအဝင်မှာ ဒိုင်မင်းရှင်း (အတိုင်းအထွာ) ၁၄ ခု (တစ်ဆယ့်လေးခု) ကျော်ပြီလို့ ဆိုကြသဗျို့။ ကျွန်တော် ဉာဏ်မမီပါဘူး]

အဲဒီ ရီလေတီဗတီသီအိုရီကို စပြီး တင်ပြတုန်းက သဘောပေါက်တဲ့သူ ကမ္ဘာပေါ်မှာ နှစ်ယောက်တည်းရှိတယ်လို့ ကြားဖူးပါတယ်။ သိပ္ပံပညာရှင် အများစုကြီးကတော့ အိုင်းစတိုင်းကို အရူးကြီးလို့ ထောမနာပြုခဲ့ကြပါသတဲ့။ ခုတော့ နှစ်ဆယ်ရာစုရဲ့ အကြီးကျယ်ဆုံး သိပ္ပံပညာရှင်ကြီးတဲ့ဗျား။ ဒါတောင်မှ ဆရာကြီး အိုင်းစတိုင်းရဲ့ သီအိုရီက အမှုန်ရူပဗေဒ (Particle Physics) မှာ တင်းပြည့်ကျပ်ပြည့် အံဝင်ခွင်ကျ မဖြစ်ဘူးတဲ့ခင်ဗျ။ နောက် TOE (Theory of Everything) အရာရာတိုင်းကို ဖြေရှင်းပေးနိုင်မယ့် သီအိုရီကို သိပ္ပံပညာရှင်တွေ ရှာနေကြပါသတဲ့။ ၁၉၀၀ ပြည့်နှစ်မှာ မက်စ်ပလဲန်ရဲ့ ကွမ်တမ်သီအိုရီ၊ ကွမ်တမ်မကွင်းနှစ်ဆိုတာလည်း အစပိုင်းမှာ အမျိုးမျိုးအရှုတ်ချ ခံခဲ့ရတာပါပဲ။ ခုတော့ အမှုန်ရူပဗေဒသာမက Cosmology (စကြဝဠာဗေဒ) မှာပါ ကွမ်တမ်သီအိုရီကို ထည့်သွင်းအသုံးချ တွက်ချက်နေရပါပြီတဲ့။

ဝိဇ္ဇာပညာရပ်တွေမှာလည်း ဒီအတိုင်းပါပဲ။ ဘီစီ ၅၀၀ လောက်က ဂရိနိုင်ငံမှာ ဆောခရတ်ဆ် (Socrates) ကို အေသင်မြို့ပြနိုင်ငံသားအများစုက အရူးကြီးလို့ ပြောခဲ့တဲ့အပြင် နတ်ဘုရားတွေကို ဝေဖန်လို့၊ လူငယ်တွေကို စည်းရုံးလို့၊ အေသင်မြို့ပြနိုင်ငံရဲ့ တည်ငြိမ်ရေးကို အနှောင့်အယှက်ဖြစ်စေလို့ စတဲ့ ပုဒ်မ၊ ပုဒ်ထီးတွေတပ်ပြီး အဆိပ်ခတ် သေဒဏ်ပေးလိုက်ပါသတဲ့။ နောက်မှ ဆရာကြီးတစ်ဆူအဖြစ် ထိုင်ရှိခိုးကြတာပါ။

ဆေးပညာသမိုင်းမှာလည်း ပင်နီဆီလင်ကို ရှာဖွေတွေ့ရှိခဲ့တဲ့ Dr. A. Fleming ကို (မအောင်မြင်ခင်က) သူ့ရဲ့လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေက "မင်း ပင်နီဆီလင်က ဒိန်ခဲတွေ ဝင်းမှည့် (မှိုတက်ပုပ်သိုး) အောင် လုပ်ကောင်း လုပ်ပေးနိုင်လိမ့်မယ်။ ဆေးပညာအတွက်တော့ သုံးစားလို့ရမှာ မဟုတ်ပါဘူးကွာ" လို့ ရေရေလည်လည် လှောင်ခဲ့ဖူးပါသတဲ့။ ဒါပေမဲ့ ဒေါက်တာ ဖလင်းမင်းရဲ့ ပင်နီဆီလင်နဲ့တကွ နောက်ထပ်ရှာတွေ့တဲ့ ပဋိဇီဝ (Anti-biotic)ဆေးတွေ မရှိရင် ခုလို သဘာဝပတ်ဝန်းကျင် တစ်စစ ယိုယွင်းလာတာကြောင့် ဖြစ်လာတဲ့ ဆန်းဆန်းပြားပြား ရောဂါပိုးတွေကို ဘယ်ဆေးတွေနဲ့ ကာကွယ်ကုသကြမှာလဲ။ ရောဂါမှန်သမျှ ရေမန်းနဲ့ ပျောက်နိုင်ရင်တော့ သိပ်ကောင်းတာပေါ့ဗျာ။ ရေမန်းကြောင့် သက်သာသွားတဲ့ လူမမာတွေတော့ တွေ့ဖူးပါရဲ့။ ဒါပေမဲ့ သေချာပေါက် ပျောက်ကိုပျောက်စေရမယ်ဆိုတဲ့ ရေမန်းမျိုးကိုတော့ မတွေ့ဖူးသေးဘူးခင်ဗျ။ အဲဒီ ရေမန်း၊ ဆီမန်း၊ ဥုံဖွ၊ ဗေဒင်၊ ယတြာတွေကိုလည်း လောဂျစ်နဲ့ စဉ်းစားလို့ရသဗျ။ နည်းကတော့ ဖြစ်တန်ရာအခြေ (Probability) နဲ့ ယေဘုယျပြုခြင်း (Generalization) နည်းပါပဲ။ သက်ဆိုင်တဲ့နေရာရောက်တော့ ရေးပါမယ်။

ကျွန်တော် ကြိုကြိုတင်တင် အစီရင်ခံချင်တာက ကျွန်တော်ဟာ ခုနဖော်ပြခဲ့တဲ့ ဆရာကြီးတွေမပြောနဲ့၊ အဲဒီဆရာကြီးတွေရဲ့ ခြေဖဝါးမှာ ကပ်ပါလာတဲ့ ဖုန်မှုန့်လောက်တောင် ဉာဏ်ပညာ မကြီးရင့်ပါဘူးဆိုတာပါပဲ။ ဒါပေမဲ့ ကျွန်တော် ဝါသနာပါလို့ သင်ခဲ့ရပြီး လက်တွေ့ဘဝမှာလည်း အသုံးချလို့ရခဲ့တဲ့ လောဂျစ်နဲ့ ဒဿနဗေဒ(ဖီလော်ဆော်ဖီ)ကို အခြားမိတ်ဆွေများအနေနဲ့လည်း အနည်းအကျဉ်းဖြစ်ဖြစ် အသုံးကျမယ်ထင်လို့ လောဂျစ်ရဲ့ အခြေခံသဘောကို တတ်သလောက် မှတ်သလောက်နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ လုံလောက်အောင်အထိ အူကြောင်ကြောင်နိုင်ရဲ့လားဆိုတာတော့ စာဖတ်သူ လူကြီးမင်းကိုယ်တိုင်ပဲ ဆုံးဖြတ်စေချင်ပါတယ်။

o

ကျွန်တော်သည် မျောက် မဟုတ်ပါ

ပထမဦးစွာ မည်သည့်လူမျှ မျောက် မဟုတ် ဆိုတာကို ဆွေးနွေးချင်ပါတယ်။ ဒီအဆိုဟာ ရိုးရိုးရှင်းရှင်းလေးပါ။ သဘောမပေါက်စရာအကြောင်း မရှိပါ။ လောဂျစ်နည်းနဲ့ ဆင်ခြင်ကြည့်ရင် ဒီလိုဖြစ်ပါတယ်။

အားလုံးသော မျောက်များသည် တိရစ္ဆာန်များ ဖြစ်ကြ၏။
မည်သည့်လူမျှ တိရစ္ဆာန် မဟုတ်။
ထို့ကြောင့် မည်သည့်မျောက်မျှ လူ မဟုတ်။
ဒါကိုပဲ နောက်တစ်နည်းနဲ့ပြောရရင်
မည်သည့်လူမျှ မျောက် မဟုတ်ပေါ့။

ကျွန်တော်တို့ကို ဆရာတွေသင်ခဲ့တာက ဘယ်အဆိုအမိန့် (အယူအဆ) ကိုဖြစ်ဖြစ် စဉ်းစားဆင်ခြင်ကြည့်ပါ။ သဘောတူရင် ယာယီ လက်ခံပါ။ သဘောမတူရင် ယာယီ ငြင်းပယ်ပါ။ အဲဒါ အကျင့်ချုပ်သဘောပါပဲ။ ဘာကြောင့် ယာယီလို့ပြောရသလဲ။ တစ်ချိန်တုန်းက အမှားလို့ ယူဆခဲ့တာတွေဟာ အခြား ကာလတစ်ခု၊ ဒေသတစ်ခု၊ အခြေအနေတစ်ခုကျရင် မှန်သွားနိုင်ပါတယ်။

ဒီအတိုင်းပဲ တစ်ချိန်က အမှန်လို့ယူဆခဲ့တာတွေဟာ တခြား ကာလ၊ ဒေသ၊ အခြေအနေတစ်ခုခုရောက်ရင် မှားသွားနိုင်ပါတယ်။

အရှင်းဆုံးဥပမာကတော့ ရှေးတုန်းက ကမ္ဘာမြေကြီးဟာ အပြားကြီးလို့ ယုံကြည်ခဲ့ကြတယ်။ အခု အလုံးကြီးဆိုတာ သိပ္ပံပညာရှင်တွေက ခိုင်ခိုင်လုံလုံ သက်သေပြခဲ့ပြီးပါပြီ။ (အဲဒီကမ္ဘာ အလုံး အပြား ကိစ္စလည်း တစ်နေရာရောက်ရင် ဆွေးနွေးပါမယ်။)

လောလောဆယ်တော့ မည်သည့်လူမျှ မျောက်မဟုတ် ဆိုတာကိုပဲ နည်းနည်းဦးနှောက်စားကြည့်ရအောင်ပါ။

လောဂျစ်ဆိုတာ ရှင်းရှင်းလေးကို ရှုပ်သွားအောင် လုပ်လို့ရသလို တော်တော်ရှုပ်နေတာကိုလည်း ရှင်းလင်းပေးနိုင်စွမ်း ရှိပါတယ်။

(စတင်လို့ ကြောင်ပါပြီခင်ဗျား)

ချားလ်စ်ဒါဝင်က လူဆိုတာ မျောက်မျိုးစိတ် ၁၉၃ မျိုး ရှိတဲ့အနက်က တစ်မျိုးသော မျောက်မျိုးစိတ်ကနေပြီး အဆင့်ဆင့် တိုးတက်ပြောင်းလဲခြင်း အီဗော်လူးရှင်း (Evolution) နည်းနဲ့ တိုးတက်လာတာလို့ ဆိုပါတယ်။ အဲဒီနောက် မနုဿဗေဒ (Anthropology) ပညာရှင်များက ရှေးဟောင်းသုတေသန၊ ဘူမိဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ အစရှိသဖြင့် ပညာရပ်ပေါင်းစုံနဲ့ တူးဖော်ရှာဖွေလေ့လာပြီး လူတွေဟာ မျောက်လို လေးဖက်ထောက်သွား၊ သစ်ပင်တွဲလွဲခို သစ်သီးစိမ်းနဲ့ အကောင်ပလောင် ဖမ်းစားရာကနေ တဖြည်းဖြည်း မတ်တတ်ရပ်နိုင်လာ၊ နောက် အဆင့်ဆင့် တိုးတက်၊ လူဖြစ် စသဖြင့် အထောက်အထားခိုင်ခိုင်လုံလုံနဲ့ ရှင်းပြကြပါတယ်။

ဒါပေမဲ့ ကျွန်တော်က အဲဒီသက်သေခိုင်လုံတာတွေကို ခဏမေ့ထားပြီး **လူဆိုတာ မျောက်တစ်မျိုးက ဖြစ်လာတာမဟုတ်ပါဘူး။ အဆင့်နိမ့်တယ်လို့ ထင်ရတဲ့ လူကနေပဲ အဆင့်မြင့်တယ်လို့ ထင်ရတဲ့လူ ဖြစ်လာတာပါ** လို့ ပြောရင် ကျွန်တော့်ကို ကန့်လန့်တိုက်တယ်၊ မင်းက ပညာဘယ်လောက်တတ်လို့လဲ၊ ဘယ်လောက်များ လေ့လာထားလို့လဲ စသဖြင့် ရှုတ်ချနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ဆရာကြီး အိုင်းစတိုင်းရဲ့ Thought Experiment စဉ်းစားဆင်ခြင်မှုဖြင့် စမ်းသပ်လေ့လာခြင်းဆိုတာကို သဘောကျပါတယ်။

Dr. Desmond Morris ရေးတဲ့ The Naked Ape ဆိုတဲ့ စာအုပ်တစ်အုပ် ဖတ်ရပါတယ်။ အဲဒီထဲမှာ သူတို့ပညာရှင်တွေ လေ့လာတွေ့ရှိချက်အရ လူဖြစ်လာမယ့် သတ္တဝါဟာ အခြားမျောက်တွေ၊ လူဝံတွေနဲ့ လုံးဝ မတူဘဲ အမွေးအမှင် ပါးပါးလေးပဲ ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျွန်တော်က ဆက်ပြီး စဉ်းစားလိုက်ပါတယ်။

အဖြေက မျောက်မျိုးစိတ်ကနေ လူဖြစ်လာတာမဟုတ်ဘူး။ လူဖြစ်မယ့် သတ္တဝါကပဲ လူဖြစ်လာတာလို့ ချားလ်စ်ဒါဝင် ကို ငြင်းကြည့်ပါတယ်။

မင်းက ကြီးကျယ်လှချေလား။ ချားလ်စ်ဒါဝင်ကိုတောင် ငြင်းရဲ

ရအောင် မင်း ဘယ်လောက်တတ်လို့လဲဆိုရင် ကျွန်တော်က ရိုးရိုးပဲ ဖြေပါမယ်။ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်တာ ဘာဖြစ်လဲ။ ဒါဝင် မကလို့ ဒါဝင့်အဖေ ပြောလည်း ပြောတိုင်း ကျွန်တော် မယုံဘူး။ (ယုံချင်မှ ယုံမှာပေါ့) ကိုယ်ပိုင်ဉာဏ်ကိုပဲ သုံးချင်တယ်လို့ ဖြေမှာပါ။ (အဲသလိုဆင်ခြင်ဖို့ ဇွဲသန်သန်နဲ့တော့ လေ့လာထားရပါလိမ့်မယ်) ဆရာကြီး ဒါဝင် ရှိရင်လည်း ကျွန်တော့် ကို ငြင်းခွင့်ပြုမှာပါ။

(ကျွန်တော်တင်ပြတာကို လူကြီးမင်း လက်ခံနိုင်ပါ့မလား။ လက်မခံလည်း သိပ်အရေးမကြီးပါဘူး။ ကျွန်တော်တို့ လူတွေဟာ မျောက်ကပဲ ဆင်းသက်ဆင်းသက်၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်းကပဲ ဆင်းသက်ဆင်းသက် ခု လူဖြစ်နေပြီပဲ။ လူပီပီသသ ကျင့်ကြံနေထိုင်ဖို့ပဲ အရေးကြီးပါတယ်။)

ဒီစာစုကို ရေးတဲ့ကိစ္စမှာ အဲဒါ ပုံပါတယ်။ သူများယောင်လို့ ယောင်ရပါတယ်။ အမောင် တောင်မှန်းမြောက်မှန်းမသိ ဖြစ်နေရင် မနိပ်ပါဘူး။

ဒါကြောင့် ဘယ်ကိစ္စဖြစ်ဖြစ် နည်းနည်းလေးလောက်တော့ စဉ်းစားဆင်ခြင်ကြည့်ပါလားလို့ အကြံပေးချင်တာပါ။

ဆက်ပြီး ကြောင်ကြည့်ရအောင်လားဗျာ။ ခုခေတ် ကွန်ပျူတာတွေဟာ အလုပ်အများကြီး လုပ်နိုင်ပါတယ်။ ဂဏန်းတွက်တာကစပြီး ဆေးကုတာ၊ ပရိုဂရမ်အစီအစဉ်တွေ ရေးတာအထိ လုပ်နိုင်ပါတယ်။ တခြား ကျွန်တော် မသိတာတွေလည်း အများကြီး လုပ်နိုင်ပါသတဲ့။ ဒါပေမဲ့ ကွန်ပျူတာဟာ လူလိုစဉ်းစားဆင်ခြင်မှုတော့ မပြုနိုင်ဘူးခင်ဗျ။ (ဒေတာတွေ ဖြည့်ပေးထားရင်တော့ ရတယ်။ ဒါပေမဲ့ ထွက်လာတဲ့ အဖြေတွေက တလွဲချည်းပဲ။)

အဲဒါနဲ့ပတ်သက်တဲ့ ဟာသလေးတစ်ပုဒ် ဖတ်ကြည့်ပါ။ သိပ္ပံပညာရှင်တစ်ယောက်ဟာ အနာဂတ်ဟောကိန်းထုတ်တဲ့ စက်(ကွန်ပျူတာ)တစ်ခု တီထွင်လိုက်ပါတယ်။ ပြီးတော့ စမ်းသပ်တဲ့အနေနဲ့ ကွန်ပျူတာကို မေးခွန်းတစ်ခု မေးပါတယ်။ "နောက်တစ်နာရီကြာရင် ငါ ဘာဖြစ်မလဲ" ကွန်ပျူတာက (ကျွေး) ဖြည့်ထားတဲ့ အချက်အလက်တွေနဲ့ နည်းပေါင်းစုံသုံးပြီး တွက်ပါတယ်။ တစ်နေ့ ကုန်သွားပါတယ်။ ပြီးတော့ အဖြေထုတ်ပေးတယ်။ အဖြေက "ခင်ဗျား ကျွန်တော်ပေးတဲ့အဖြေကို ထိုင်စောင့်နေမယ်" တဲ့။

တကယ်လို့ ကျွန်တော်က တစ်စုံတစ်ယောက်ကို ခင်ဗျားဟာ လူ

လားလို့ မေးမိရင် ကျွန်တော့်ခေါင်းကို အနည်းဆုံး ရှစ်ချက်လောက် ချုပ်လိုက်ရပါလိမ့်မယ်။ (အဲဒါ သက်သာတာဖြစ်လိမ့်မယ်) ဒါပေမဲ့ ကျွန်တော်တို့ တက္ကသိုလ်တက်ခါစ လောဂျစ် စသင်တော့ ဆရာမကြီး ဒေါ်လီလီဖြူက ကျောက်သင်ပုန်းကြီးမှာ ဒီလို စရေးပြပါတယ်။.

လူသည် သေမျိုးဖြစ်၏ (Man is mortal) တဲ့ ခင်ဗျ။

နောက်တစ်မျိုးက

ကျီးကန်းသည် မည်း၏ (Crows are black) တဲ့ ခင်ဗျ။

ကျွန်တော် တော်တော်ညစ်သွားပါတယ်။

ဒါမျှား သူပြောမှလား၊ အားလုံး သိပြီးသားကြီးကို။ ဒီဘာသာ သင်မိတာတော့ 'ယူမိမောင်မှား ဖြစ်ပဟဲ့' လို့ ထင်ခဲ့မိပါတယ်။ နောက်မှ တဖြည်းဖြည်း တစ်ဆင့်ချင်း တက်တော့ စိတ်ဝင်စားသွားပါတယ်။ သေတာရှိရင် မသေတာကော မရှိနိုင်ဘူးလား၊ မည်းတဲ့ကျီးကန်းရှိရင် ဖြူတဲ့ကျီးကန်းကော မရှိနိုင်ဘူးလား စသဖြင့် မေးခွန်းတွေ ထုတ်ရင်း အဖြေတွေ ရှာရင်း စိတ်ဝင်စားလာပါတယ်။ (အဲဒီမေးခွန်းမေး အဖြေထုတ်တဲ့နည်းကို ဆရာကြီး ဆော့ခရတ္တိ က စသုံးပါသတဲ့။ ဒဿနဆရာဟာ ဝမ်းဆွဲသည်နဲ့ တူတယ်လို့ ဆိုပါတယ်) ဟုတ်ကဲ့ လောဂျစ်ဟာ နေ့စဉ် ဘဝမှာတင်မက ကိုးကွယ်ရာ ဘာသာထိ စဉ်းစားဆင်ခြင်နိုင်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမ သံသရာမှလွတ်ကြောင်း၊ အမတမြတ်နိဗ္ဗာန်ဆိုတာတွေ တွေးကြည့်လိုက်ပေါ့ဗျာ။ မြတ်ဗုဒ္ဓရဲ့ ဝါဒအရ မသေတာ ရှိပါတယ်။ အဲဒါကတော့ မမွေးရင် မသေဘူး ဆိုတာပါပဲ။ ဘာကြောင့်မွေးလာကြရသလဲ။ (ဘာကြောင့် သံသရာဝဋ္ဋဆင်းရဲ ခံနေရသလဲ) သမုဒယတဲ့ ခင်ဗျ။ စွဲလမ်းတပ်မက်မှု တဏှာတဲ့ ခင်ဗျ။ ယိုစီးခြင်း အာသဝေါတရား လေးပါးတဲ့ခင်ဗျ။ ဗုဒ္ဓ အဆုံးအမအရ သမုဒယ၊ တဏှာ၊ အာသဝေါတရားတွေကို ပယ်သတ်နိုင်ရင် နောက်ထပ်တစ်ဖန် ပဋိသန္ဓေ မနေရဘူးလို့ ရှင်းရှင်းလင်းလင်း ဟောထားပါတယ်။ အဲဒါတွေက ကြီးကျယ်မြင့်မြတ်တဲ့ တရားသဘောတွေပါဗျာ။ ကျွန်တော်တို့ ရိုးရိုးလွယ်လွယ်နဲ့ပဲ စရအောင်ပါ။

လောဂျစ်နဲ့ ဗေဒင်

လောဂျစ်နဲ့ ဗေဒင်အကြောင်း ဆွေးနွေးရအောင်ပါ။

ဗေဒင်ပညာဟာ ရှေးရှေးကတည်းက ထွန်းကားခဲ့ပြီး ခုခေတ်ထိ လူအများစု လက်ခံနေကြပါတယ်။ (ကျွန်တော် လေးစားပါတယ်) New York Times လို သတင်းစာကြီးကနေ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အားလုံး လိုလိုမှာ ဗေဒင်ကဏ္ဍ ပါပါတယ်။ ဘာကြောင့် လူအများစုကြီးက ဗေဒင်ကို စိတ်ဝင်စား ကြပါသလဲ။ မမြင်နိုင်တဲ့ အနာဂတ်ကို သိချင်တယ်။ အားကိုးရာ ရှာတယ်။ ပြီးတော့ ဗေဒင်ဆိုတာ ယေဘုယျအမှန်တွေကို တွက်ချက်အဖြေထုတ် (ကောက်ချက်ချ) ထားလို့ပါပဲ။

ဗေဒင်ပညာမှာ အဆင့်မြင့် သင်္ချာလည်း ပါပါတယ်။ တနင်္ဂနွေ၊ တနင်္လာ အစရှိတဲ့ နေ့နံ့တွေနဲ့ပတ်သက်တဲ့အခါ သင်္ချာထဲမှာပါတဲ့ အစုသီအိုရီကို သုံးပါတယ်။ [လောဂျစ်မှာလည်း အစုသီအိုရီ (Set Theory) ရှိပါတယ်။ ဥပမာ Class Membership (အစုဝင်) Wyler's Circle (ဝိုင်လာ၏ စက်ဝိုင်း) စသဖြင့်ပေါ့] နေ့နံ့ကိစ္စမှာ ခုနစ်ဟာ သုညပါပဲ။ ဒါကြောင့် နေ့နံ့မှာ ၇၊ ၈၊ ၉ မရှိပါဘူး။ ဒါပေမဲ့ စနေနံ့ကို ခုနစ်လို့လည်း ယူပါတယ်။ ၀ (သုည) လို့လည်း ယူပါတယ်။ ပြီးတော့ ဗုဒ္ဓဟူးကို နံနက်ပိုင်းနဲ့ ညပိုင်းခွဲပြီး ညပိုင်းကို ရာဟုလို့ သတ်မှတ်ပါတယ်။ ပြီးတော့ ရာဟုကို ရှစ်ဂဏန်းအဖြစ် သတ်မှတ်လိုက်ပါတယ်။ ကိုးဂဏန်းဟာ နည်းနည်းဆန်းပါတယ်။ ကိုးကို ဘာနဲ့မြှောက်မြှောက် ရလဒ်ကို ပြန်ပေါင်းရင် ကိုးပဲ ပြန်ရပါတယ်။ ဥပမာ ၉ × ၂ = ၁၈၊ ၁ + ၈ = ၉။ စသဖြင့်ပေါ့။ (နောက်ထပ် ကိုးဂဏန်းရဲ့ ဆန်းပြားမှုတွေလည်း အများကြီးပါ) ဒီတော့ ခပ်ဆန်းဆန်း ကိုးဂဏန်းကို ကိုးနဝင်းကျေတယ် စသဖြင့် သုံးကြပါတယ်။ နောက်ထပ်

ဆန်းပြားတဲ့ ဂဏန်းတွေလည်း ရှိပါသေးတယ်။ ပါမောက္ခ ဒေါက်တာ (ဦး)ခင်မောင်ဝင်း (သခ္ခါ)ရဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေမှာ ဖတ်နိုင်ပါတယ်။

ကျွန်တော်ကတော့ လောဂျစ်နဲ့ ဗေဒင် ပတ်သက်တာတွေကို တင်ပြချင်ပါတယ်။

ဥပမာ မြန်မာ့ရိုးရာဗေဒင်ပညာဖြစ်တဲ့ မဟာဘုတ်ဗေဒင် တွက်နည်းကို ကြည့်ပါ။ မွေးသက္ကရာဇ် (မြန်မာသက္ကရာဇ်)ကို ခုနစ်နဲ့ စား၊ အကြွင်းကို အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ ဆိုတဲ့ လက်ာနဲ့ မဟာဘုတ်တိုင် ထူ၊ ပြီးတော့ ပုတိ၊ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိဆိုတဲ့အကွက်ကိုချ၊ အဲသလောက်တတ်ရုံနဲ့ အကြမ်းသဘော ဗေဒင်တွက်လို့ ရနေပါပြီ။

တွက်ကြည့်ရအောင်ဗျာ။

မြန်မာသက္ကရာဇ် ၁၃၀၈ ခုဖွား ဆိုပါတော့။

၁၃၀၈ ÷ ၇ = ၁၈၆ (အကြွင်း ၆)

၁၃၀၈ ဖွား၊ တနင်္ဂနွေသားဆိုရင် သိုက်ဖွား (၆ ကြွင်း)။

လက်ာကလေးက သိုက်ဖွား၊ နှိုက်စားတဲ့။

ဒါကြောင့် သိုက်ဖွားတစ်ယောက်ကို ခင်ဗျားအစားအသောက်အတွက် ပူပန်သောကရောက်ရတယ်လို့ မရှိနိုင်ဘူး။ အရင်ကလည်း မရှိဘူး။ နောင်လည်း ထမင်းစားဖို့အတွက် ဘယ်တော့မှ ပူရလိမ့်မယ်မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် ဘယ်တော့မှ ငတ်မှာမဟုတ်ဘူးလို့ ဗေဒင်ဟောနိုင်ပါတယ်။

ဒီဟောချက်ကို ပြန်စဉ်းစားကြည့်ပါ။ ယေဘုယျအကျဆုံး အများအားဖြင့် အဖြစ်နိုင်ဆုံးတွေပဲ ကောက်ချက်ချထားတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ အစားအသောက်ဟာ လူဦးရေနဲ့ မျှရုံသာမက ပိုချင်ပိုနိုင်ပါသေးတယ်။ ဒီတော့ ဘယ်တော့မှ မငတ်ဘူးဆိုတဲ့ ကောက်ချက်ဟာ ကိုးဆယ်ရာခိုင်နှုန်း မှန်နေပါပြီ။ (ဗေဒင်အလိုအရလည်း သိုက်ဖွားနှိုက်စားတဲ့လေ။ အကျယ်သိချင်ရင် မြန်မာ့ရိုးရာ မဟာဘုတ်ဗေဒင်တွက်နည်းစာအုပ်တွေမှာ ဖတ်နိုင်ကြောင်းပါခင်ဗျာ။)

လောဂျစ်နဲ့ ဆက်စဉ်းစားရင် အစားအသောက်အတွက် အခက်အခဲ မရှိနိုင်တဲ့လူဟာ လုပ်ငန်းကိုင်ငန်း အခက်အခဲနည်းလို့ပဲ။ ဝင်ငွေအသင့်အတင့် ရှိရလိမ့်မယ်။ ဒီတော့ ခင်ဗျား စီးပွားရေးလုပ်ရင် အရှုံးနည်းရမယ်။

အမြတ်များရမယ်။ လခစားဆိုရင်လည်း ခင်ဗျားဝင်ငွေထွက်ငွေဟာ မျှမျှတတ ဖြစ်မယ်။ ရှင်းရှင်းပြောရရင် အကြွေးရှိတောင် ခဏပဲ။ ကျေစေရမယ်။

ဒီဟောချက်ကကော။ အကြွေးကို မဆပ်ဘဲ ရှောင်နေတဲ့လူဟာ ခဏအဆင်ပြေပေမဲ့ ရေရှည်အဆင်မပြေဘူး။ ဒီတော့ အများအားဖြင့် အကြွေးကို ပြန်ဆပ်တတ်တယ်။ နောက်တစ်ခုက ဘယ်မြို့ရှင်မှ အာမခံ ပစ္စည်း (အပေါင်ပစ္စည်း) တစ်ခုခုမရဘဲ ငွေမချေးဘူး။ ဘဏ်တွေတောင်မှ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်း ဥပမာ မြေ၊ တိုက်၊ အိမ်၊ ကိုယ်ပိုင်တိုက်ခန်း စတာတွေ အာမခံ (အပေါင်) ထားမှ ချေးတာ။

သိပ်ယုံကြည်ရတဲ့လူဆိုရင် တစ်မျိုးစဉ်းစားကြပါတယ်။ (ဒါပေမဲ့ သိပ်မသေချာပါ) စားစရာမရှိပေမဲ့ လျော်စရာတော့ ရှိရတယ်ဆိုသလို လူအများစုဟာ အကြွေးမှန်သမျှ ကျေအောင် ကြိုးစားကြတာချည်းပါပဲ။ အဲဒီသဘောဟာ အများအားဖြင့် (ယေဘုယျ) အမှန်ပါပဲ။ ယေဘုယျအမှန်ကို ဟောမှတော့ အများအားဖြင့် မှန်တော့မပေါ့။

အရှုံးနည်းရမယ်၊ အမြတ်များရမယ် ဆိုတဲ့ ဟောချက်ကို ကြည့်ပါ။ ဘယ်သူက အရှုံးများတဲ့အလုပ်ကို ဆက်လုပ်နေမှာတဲ့လဲ။ မရှင်းဘူးလားဗျာ။

ကောင်းပြီ။ မဟာဘုတ်တိုင်ထူကြည့်လိုက်လို့ ပုတီဖွားဖြစ်နေတယ်ဆိုပါတော့၊ လက်ာက 'ပုတီသဘော မကျော်စော' တဲ့။ ဒါပေမဲ့ ရွှေမန်းတင်မောင်ဟာ ပုတီဖွားလို့ ကြားဖူးပါတယ်။ ဇာတ်ဆရာကြီး ရွှေမန်းတင်မောင်လောက် မြန်မာပြည်မှာ ကျော်ကြားထင်ရှားတဲ့ ဇာတ်မင်းသားကြီးတွေ လက်ချိုးရေတွက်ကြည့်စမ်းပါဗျာ။ လက်တစ်ဖက်ရဲ့ လက်ငါးချောင်းအတွင်းမှာပဲ ရှိပါလိမ့်မယ်။

ဒီအကြောင်းကိုသိတဲ့ ဗေဒင်ပညာရှင်များက လက်ာမှာ ဆက်ဖြည့်ထားပေးတယ်။ 'ပုတီသဘော မကျော်စော၊ ကျော်စောလျှင်လည်း လိုက်မမီ' တဲ့။ ဒီတော့ ပုတီဖွားတွေဟာ အများအားဖြင့် ကျော်စောထင်ရှားမှု မရှိဘူး။ ဒါပေမဲ့ ကျော်စောထင်ရှားပြီဆိုလျှင်လည်း ဘယ်သူမှ လိုက်မမီဘူးလို့ ဟောနိုင်ပါတယ်။ ကျန်တာတွေ ဆက်စဉ်းစားဆင်ခြင်ကြည့်ပါတော့။

နောက်တစ်နည်း ရှိပါသေးတယ်။ အဲဒါက စိတ်ပညာ၊ ဆေးပညာ၊ လူမှုရေး၊ စီးပွားရေး အစရှိတဲ့ ဗဟုသုတတွေကို ဗေဒင်ဆရာက လေ့လာ

ထားပြီး သူ့ဘာသာသူ နည်းလမ်းထွင်ထားတာပါ။

ဗေဒင်ဆရာဆိုတာ . . .

ကျွန်တော်နဲ့ရင်းနှီးတဲ့ ဗေဒင်ဆရာကြီးတစ်ယောက်ရှိပါတယ်။ နာမည်ကျော်ပါပဲ။ ကျွန်တော်ကလည်း ဟိုစပ်စပ် သည်စပ်စပ် ဝါသနာပါလေတော့ သူနဲ့ မကြာခဏ စကားပြောလေ့ရှိပါတယ်။ တစ်နေ့ သူနဲ့ကျွန်တော် ထိုင်စကား ပြောနေတုန်း ဗေဒင်မေးမယ့် အမျိုးသမီးတစ်ယောက် ရောက်လာပါတယ်။ သူ့ဟောခန်းက မနက်ခြောက်နာရီကနေ မနက်ဆယ်နာရီအထိပဲ ဟောပါတယ်။ အမျိုးသမီးရောက်လာတာက နေ့ခင်းပိုင်း။

သူက "ဟောခန်းပိတ်ပြီဗျ" လို့ ပြောတော့ အမျိုးသမီးက "ကျွန်မလည်း ဆရာဟောချိန် မသိလို့ပါ။ လာရတာကလည်း အဝေးကြီးကမို့ပါ။ ကူညီပါ ဆရာရယ်" လို့ ပြောတယ်။ "အေးလေ၊ ဒါဖြင့်လည်း ကူညီရတာပေါ့" လို့ ဆရာက ပြောပြီး ဗေဒင်ခုံကလေးမှာ ထိုင်တယ်။

[သူ့ဗေဒင်ဟောခန်းပုံစံလေးကို ကြားဖြတ်ပြောပါရစေ။ ဟောခန်းဟာ ခြောက်ပေ၊ ရှစ်ပေလောက် ကျယ်တယ်။ ခေါင်းရင်းမှာ အလွန်သပ္ပာယ်တဲ့ ဆင်းတုတော်တစ်ဆူ (ဘုရားစင်)ရှိတယ်။ ရှင်းလင်းသန့်ပြန့်တယ်။ ပန်းအိုးနဲ့ ပန်း လှတယ်။ သောက်တော်ရေ အစရှိသဖြင့် အားလုံး သပ်သပ်ရပ်ရပ်နဲ့ ကြည်ညိုကြည်နူးဖို့ကောင်းအောင် ပြင်ဆင်ထားတယ်။ ကန်တော့ပွဲကို ကြွေဇလုံနဲ့ ပြီးစလွယ်မထည့်ဘူး။ ရွှေချထားတဲ့ ကလပ်လို ယွန်းထည်မျိုးနဲ့ ပြင်ထားတယ်။ လိုအပ်တဲ့ပစ္စည်းတွေကိုလည်း သပ်သပ်ရပ်ရပ်ကပ်ထားတယ်။ (သူငယ်ငယ်က ဘိုးတော်တွေ ဘာတွေကို ယုံတာ မဟုတ်ဘူး။ ကျွန်တော် တစ်ခါက "ခင်ဗျား ခုတော့ ဘိုးတော်တွေ ဘာတွေကို ယုံပြီလား" လို့ မေးတယ်။ သူက "ကျုပ် ဗေဒင်ဟောစား နေတယ်ဆိုတာ သတိထားပါဦး" လို့ပဲ ပြန်ပြောတယ်။)

ကြမ်းပြင်က လျှာထိုး၊ ပြောင်နေအောင် တိုက်ထားတယ်။ အဲဒီအပေါ်မှာ သင်ဖြူးဖျာအလတ်စားလေး ခင်းထားတယ်။ မေးတဲ့လူ ထိုင်ဖို့လည်း သင်ဖြူးဖျာလေးနှစ်ချပ် ချထားတယ်။ အလင်းရောင်က မမှောင်လွန်း၊ မလင်းလွန်း လုပ်ထားတယ်။ တံခါးရှိတယ်။ တန်ရုံလေသံနဲ့ပြောရင် အပြင်က မကြားရ

ဘူး။ ဟောတဲ့အခါမှာ တစ်ဦးချင်း (အဖော်ပါရင်လည်း တစ်ယောက်) ပဲ ဟောတယ်။ သူ့ဝင်ငွေ အခြေအနေအရ စားပွဲ၊ ဆုံလည်ကုလားထိုင်၊ စတီး ပရိဘောဂတွေ သုံးနိုင်တယ်။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်က ကျွန်းသားဗေဒင်ခုံ ကလေးပဲ သုံးတယ်။ အဲဒါတွေအားလုံးဟာ စိတ်ပညာသဘောထဲမှာပါတယ် လို့ ကျွန်တော်ထင်ပါတယ်။]

ဆရာက ဘုရားစင်နဲ့ ကန်တော့ပွဲမှာ အမွှေးတိုင်တစ်တိုင်စီ ထွန်းတယ်။ ပြီးတော့ ဗေဒင်ခုံကလေးမှာ ထိုင်ပြီး စာရွက်ဖြူဖြူသန့်သန့် ပေါ်မှာ ဂဏန်းတွေ ရေးချတယ်။ အမျိုးသမီးကို ဘာမှမမေးသေးဘူး။ အမျိုးသမီးက လည်း ဘာမှမပြောရသေးဘူး။ ဆရာက စပြီး

"ခင်ဗျား ကျန်းမာရေးမှ ကောင်းရဲ့လား"

နေ့တွေနံတွေ၊ မွေးသက္ကရာဇ်တွေ ဘာမှမမေးဘဲ ဂဏန်းလေး နည်းနည်းရေးခြစ်ပြီးတာနဲ့ တန်းဟောတာကို ကျွန်တော် အံ့ဩသွားတယ်။ အမျိုးသမီးက

"ဟုတ်ပါတယ် ဆရာရယ်၊ အဲဒီကိစ္စပဲ လာခဲ့တာပါ။ ကျွန်မ ကျန်းမာ ရေး မကောင်းဘူး။ မတ်တတ်နာ ဆိုပါတော့။ ဆေးဆရာလည်း စုံပြီ။ ငွေလည်း ကုန်လှပြီ။ ပြီးတော့ အိမ်ကလူ"

ဗေဒင်လာမေးတဲ့လူဟာ ရိုက်မစစ်ရဘဲ သူ့အကြောင်း အကုန်နီးပါး ပြောတော့တာပဲ။ သူ့စကားအဆုံးမှာ ဆရာက "ဘာနေ့သမီးလဲ" လို့ မေးပြီး တွက်စရာရှိတာ တွက်၊ ဟောစရာရှိတာ ဟောတယ်။ အမျိုးသမီးက "မှန်လိုက်တာ ဆရာရယ်၊ မှန်လိုက်တာ" နဲ့ ဗေဒင်ဟောပြီးသွားတယ်။ ယတြာ ချေဖို့ ပြောတယ်။ ပြီးသွားပြီ။

အမျိုးသမီးလည်း ရွှင်ရွှင်လန်းလန်းနဲ့ ပြန်သွားလေရဲ့။ အဲဒီပုဂ္ဂိုလ်ဟာ ဗေဒင်ပညာကို တခြားဗေဒင်ဆရာတွေထက် ထူးပြီး အတတ်ကြီး တတ်တာ မဟုတ်မှန်း ကျွန်တော်က (အချင်းချင်းမို့) သိပါတယ်။ ဒါပေမဲ့ သူက ဘာတစ်ခုမှမမေးဘဲ ကျန်းမာရေးမကောင်းဘူးလို့ ပြောလိုက်တာကို ကျွန်တော်လည်း အံ့ဩမိတယ်။ သူ့ကို မေးကြည့်တယ်။

"ခင်ဗျားမှာ ဗေဒင်တွက်နည်း အသစ်များရှိသလား"

"မရှိပါဘူး၊ ရိုးရိုးပဲ"

"ဒါဖြင့် ခင်ဗျားက အဲဒီအမျိုးသမီး ကျန်းမာရေးမကောင်းဘူးလို့ ဘာဖြစ်လို့ တန်းပြောနိုင်သလဲ"

"အဲဒါ ဗေဒင်ပညာနဲ့ဟောတာ မဟုတ်ဘူး"

"ဗျာ ဒါဖြင့် ဘာပညာလဲ၊ အောက်လမ်းလား၊ အထက်လမ်းလား"

"ဘာလမ်းမှမဟုတ်ဘူး။ ဗိန္ဓောနဲ့ဟောတာ"

"ဘယ်လို"

"ကျုပ်က မြန်မာဗိန္ဓောကျမ်းတွေလည်း ဖတ်တယ်။ မှတ်စုလည်း ထုတ်တယ်။ ခုဟောတာက အဲဒီအဆင့်တောင် မရောက်ဘူး။ Observation ရိုးရိုးနဲ့ ဟောလိုက်တာ"

"ခင်ဗျား ဘယ်လိုသိသလဲ"

"ခင်ဗျား တော်တော်တုံးတဲ့လူ။ အဲဒီမိန်းမကို ခင်ဗျား ဂရုမစိုက်မိဘူးလား"

"ခပ်သွယ်သွယ်မိန်းမတစ်ယောက်ပဲ။ အသက်လေးဆယ်ကျော် ငါးဆယ်လောက် ရှိလိမ့်မယ်"

"အင်း အရေးကြီးတဲ့အချက်ကို ခင်ဗျား ဂရုမစိုက်မိဘူး။ ဆံပင်တွေ ခြောက်နေတယ်။ အသားအရေလည်း မစိုပြည်ဘူး။ မသိမသာ ပိန်တယ်။ ဆံစခြောက်တယ်။ အသားအရေ မွဲခြောက်ခြောက်ဖြစ်နေတယ်။ အသက်ကလေးဆယ်နဲ့ ငါးဆယ်ကြားမှာ ရှိတယ်။ ကျန်းမာရေးမကောင်းနိုင်ဘူး။ မီးယပ်သွေးဆုံးဖြစ်နိုင်တယ်။ ဒါပဲ။ ဒါပေမဲ့ ခင်ဗျား သတိထားမိလား။ စစချင်း ကျုပ်ဟောလိုက်တာ"

"ကျန်းမာရေးမကောင်းဘူးလို့ ဟောတာမဟုတ်လား"

"ဘယ်ကလာ၊ ခင်ဗျား ကျန်းမာရေးမှကောင်းရဲ့လားလို့ပဲ မေးတာ။ ဆံစခြောက်၊ အသားအရေ မွဲခြောက်နေပေမဲ့ သူ ဘယ်ဆေးဆရာမှ မပြသေးရင် သူ့ကိုယ်သူ ကျန်းမာတယ်လို့ ထင်နေလိမ့်မယ်။ တကယ်လို့ သူက ကျန်းမာရေး ကောင်းပါတယ်လို့ ပြန်ဖြေရင် ခင်ဗျားထင်နေလို့၊ ခင်ဗျား ကျန်းမာရေး ညံ့တဲ့အခိုက် ရောက်နေတယ်လို့ ကျုပ်က ဟောမှာ"

"ဒါဖြင့် မဟောခင် ဂဏန်းတွေ ရေးတာကကော"

"စိတ်ထင်ရာတွေ လျှောက်ရေးတာ ဘာမှမဆိုင်ဘူး"

"ဟုတ်ပေ့ဗျာ၊ ဒါဖြင့် နောက်ဟောတာတွေကော ဘာလို့မှန်နေရသလဲ။ ဘယ်နည်းနဲ့ တွက်သလဲ"

"သူက သူ့အကြောင်း အကုန်လုံးနီးပါး ပြောပြီးပြီ။ ကျုပ်က ဘာတွေ အထွေအထူး ဟောစရာရှိတော့လဲ။ ဒီတော့ သူ့စကားထဲက အကြောင်းတွေပဲ တခြားစကားလုံးနဲ့ ပြန်ဟောတယ်။ ပြီးမှ အင်္ဂါဝိဇ္ဇာနည်းနဲ့ ဟောတာ။ ခင်ဗျား အင်္ဂါဝိဇ္ဇာအခြေခံတော့ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ စသဖြင့်ပေါ့"

"ဗေဒင်ကို ခပ်မြန်မြန်ဟောချင်ရင် အဲဒီနည်း အကောင်းဆုံးပဲ။ ကျုပ်က မြန်မြန်ပြီးအောင် ဒီနည်းသုံးလိုက်တာ။ တခြားတွက်နည်းတွေ လည်း အများကြီး ရှိသေးတယ်။ အင်္ဂါဝိဇ္ဇာလည်း အထင်မသေးနဲ့၊ အယူ အဆကောင်းရင် ကောင်းသလို မှန်နိုင်တယ်"

"ဒါနဲ့နေပါဦး၊ သူက သောကြာသမီး၊ ခင်ဗျားပေးတဲ့ယတြာက ဗုဒ္ဓဟူး ထောင့်နဲ့ စနေနံပန်းတွေ။ ပြီးတော့ ဘာဖြစ်လို့ မနက်ခုနစ်နာရီမထိုးခင် ဘုရား အရောက်သွားခိုင်းရသလဲ"

"တုံးပါ့ကိုယ့်ဆရာရယ်၊ ယတြာချေနည်းတွေ အများကြီးရှိတယ်။ အဲဒီအထဲက နည်းတစ်နည်းကို သုံးလိုက်တာပဲ။ ဒါပေမဲ့ ယတြာချေတာရဲ့ အရေးကြီးဆုံးအချက်က ဘာလဲ၊ သိလား"

"ဆိုပါဦး"

"အဲဒီယတြာချေတဲ့လူကိုယ်ဌ်က သူခံစားနေရတဲ့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတာ ပျောက်လိမ့်မယ်လို့ သူ့ကိုယ်သူ ယုံကြည်ဖို့အချက်ပဲ။ Self-Confidence ပေးလိုက်တာ။ မနက်စောစောဆိုတာက နေမပူသေးဘူး။ ဘုရားရင်ပြင်တော်ပေါ်မှာ ကြည်နူးစရာ၊ စိတ်ချမ်းသာစရာပဲ ရှိတယ်။ ဒါပဲ"

"ဒီလိုတော့လည်း လွယ်သားပဲ"

"မလွယ်နဲ့ကိုယ့်လူ၊ အဲဒါတွေပြောနိုင်ဖို့ စာအုပ်တွေအများကြီး ဖတ်ရ တယ်။ မှတ်စုထုတ်ရတယ်။ ကိုယ့်ဘာသာ လက််ာလုပ်ပြီး ကျက်ထားရ တယ်။ ကျုပ် နော်ဂ်ဆုံးသူ့ကိုပြောလိုက်တာ ခင်ဗျားမှတ်မိလား"

"တိုင်းရင်းဆေးဆရာဆီသွားပါ ဆိုတာလား"

"ဟုတ်တယ်။ သူ့ကို စတွေ့ကတည်းက ကျုပ်ခေါင်းထဲမှာ မီးယပ်ပိန်၊

မီးယပ်ခြောက် ဆိုတဲ့စကား ဒိုင်းခနဲ ပေါ်လာတယ်။ အဲဒီအပေါ်မှုတည်ပြီး ဟောတာပဲ။ နောက် သူက မချမ်းသာဘူး။ အထူးကုသမားတော် ဆရာဝန်ကြီး တွေကို မကပ်နိုင်ဘူး။ ဒါကြောင့် ဟိုဆရာ၊ ဒီဆရာ လျှောက်ပြမနေနဲ့။ ဈေးနည်းနည်း ကြီးချင်ကြီးပါစေ။ တနင်္ဂနွေသားသမီးဖြစ်တဲ့ မြန်မာတိုင်းရင်း ဆေးဆရာကြီးတစ်ယောက်ဆီ သွားဖြစ်အောင် သွားပါလို့ ပြောလိုက်တာပဲ။ ပြီးတော့ ယတြာကိုလည်း မွေးနေ့တိုင်း ကိုးပတ်ပြည့်အောင် ချေပါလို့ မှာလိုက်တယ်"

"တစ်ခါချေပြီးရင် မပြီးဘူးလား"

"ခင်ဗျားကလည်း မန်းလေပြုလေ အစားထဲကပါလား။ အကောင်လုံးပြမှ အရိပ်လောက်ထင်မယ့်လူ။ ကိုးပတ်ဆိုတော့ နှစ်လကျော် ကြာမယ်။ တိုင်းရင်းဆေးဟာ အနည်းဆုံးတစ်လလောက် စွဲသောက်ရမယ်။ နှစ်လ ဆိုရင် တော်တော်သက်သာမယ်။ ရှင်းပြီလား။ ကိုးဂဏန်းက လူတွေယုံတဲ့ ဂဏန်း။ တနင်္ဂနွေသားသမီး ဆေးဆရာကြီးဆိုတာက သောကြာရဲ့မိတ်ဟာ တနင်္ဂနွေ၊ ဗေဒင်ဆိုတော့ တနင်္ဂနွေသားတို့ဘာတို့ပါမှ ပြည့်စုံမယ်။ ထပ်ပြော ရဦးမလား"

"ရပါပြီဆရာရယ်၊ အရိပ်လောက်တော့ ထင်ပါပြီ"

"တကယ်တော့ စုံထောက်ကြီး ဦးစံရှားနည်းတွေ အများကြီးပါတယ်ဗျ"

စာဖတ်သူခင်ဗျား၊ ကျွန်တော့် မိတ်ဆွေဗေဒင်ဆရာကြီးသုံးတဲ့ ဗေဒင် ပညာ၊ လောဂျစ်၊ စိတ်ပညာ၊ ကျန်းမာရေး ဗဟုသုတ၊ အထွေထွေ ဗဟုသုတတွေ အကြောင်း ကိုယ့်ဘာသာပြန်ပြီး သုံးသပ်ကြည့်စေချင်ပါတယ်။ သူ့အကြောင်း ရေးရင် ဝတ္ထုရှည်တစ်ပုဒ်စာလောက် ရနိုင်ပါတယ်။ သက်ရှိထင်ရှား ရှိဆဲပါ။ ကြော်ငြာရာ ကျမှာစိုးလို့ရယ်၊ သူ့လျှို့ဝှက်ချက်တွေ ပေါ်ကုန်မှာစိုးလို့ရယ် နာမည်မဖော်ပြတော့ပါ။

သည်လောက်ဆိုရင် လောဂျစ်ဟာ (တခြားပညာရပ်တွေလည်း အတူတူပါပဲ) နေ့စဉ်ဘဝမှာသာမက ဗေဒင်လိုပညာရပ်တွေမှာလည်း အသုံးဝင်တယ်ဆိုတာ ရှင်းလိမ့်မယ်ထင်ပါတယ်။ ကဲ လောဂျစ်နဲ့ မိတ်ဆွေဖွဲ့ကြည့်ကြရအောင်ပါခင်ဗျား။

o

လောဂျစ်နဲ့ မိတ်ဆွေဖွဲ့ရအောင်

စာဖတ်သူခင်ဗျား၊ အခု ကျွန်တော်ရေးမယ့်စာစုဟာ ကောင်းကင်ပေါ် ရောက်နေတယ်လို့ထင်ရတဲ့ ပညာရပ်တစ်ခုကို မြေပြင်ပေါ် ဒေါင်းလို့ဒ် (download) လုပ်ကြည့်တာပါ။

ရှင်းရှင်းပြောရရင် လောဂျစ် (ယုတ္တိဗေဒ) ဆိုတဲ့ ပညာရပ်ကို အရပ်စကားနဲ့ ဆွေးနွေးဖို့ ကြိုးစားကြည့်တာပါ။

လောဂျစ်ဟာ ဖီလော်ဆော်ဖီ(ဒဿနဗေဒ)ရဲ့ ကကြီး ခွေးပါခင်ဗျား။

ဒီနေရာမှာ ကြိုတင်ပြီး ပြောချင်တာရှိပါတယ်။ အဲဒါကတော့ လောဂျစ်ဆိုတာ စိန်နဲ့တူသလို ဆားနဲ့လည်း တူပါတယ်။ ငရုတ်သီးနဲ့လည်း တူပါတယ်။

စိန် ဆိုတာသူ့နေရာနဲ့သူ ဝတ်ရတဲ့ ရတနာပါ။ အဖိုးတန်ပါတယ်။ ဒါပေမဲ့ မနက်ခင်း ဈေးသွားတဲ့အခါမှာ စိန်တစ်ဆင်စာဝတ်သွားဖို့ မလိုပါဘူး။

ဆားဆိုတာ ဟင်းထဲကို လိုသလောက် (အသင့်အတင့်ပဲ) ခတ်ရပါတယ်။ ဆားတွေများသွားရင် ဟင်းပျက်ပါရော။ (သွေးတိုးရောဂါသည် ဆားနဲ့မတည့်ဘူး)။ ငရုတ်သီးဆိုတာ အာသာပြေလောက်ပဲ စားသင့်ပါတယ်။ (အစာအိမ်ရောဂါရှိတဲ့လူဆို ငရုတ်သီးနဲ့ မတည့်ပါဘူး)။

ဒီလိုပါပဲ လောဂျစ်ကို ချင့်ချင့်ချိန်ချိန်သုံးရင် အဆင်ပြေပါတယ်။ လောဂျစ်ကို တဂျစ်တည်း ဂျစ်နေရင် သိပ်အလုပ်မဖြစ်ပါဘူး။ နေ့စဉ်အလုပ်တွေမှာ အသင့်အတင့် စဉ်းစားဆင်ခြင်စေချင်တဲ့ စေတနာ (တိုက်တွန်းနှိုးဆော်မှု) နဲ့ ရေးလိုက်ပါတယ်။

(ပညာရှင်များအနေနဲ့ ကျွန်တော့်စာစုမှာ အမှားအယွင်း အကျ

အပေါက်တွေတွေ့ရင် ဆုံးမပြင်ဆင်ပေးပါလို့ တောင်းပန်ပါတယ်။)

ရိုးရိုးစာဖတ်ပရိသတ်အတွက် နည်းနည်းတော့ အားစိုက်ဖို့လိုပါလိမ့်မယ်။ စိတ်ဝင်စားသွားရင်တော့ ပျော်စရာကလေး ဖြစ်နိုင်ပါတယ်။ နေ့စဉ်ဘဝအတွက်လည်း အသုံးတည့်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ (နားလည်လွယ်တဲ့ အရပ်စကားနဲ့ ကြိုးစားဆွေးနွေးပါ့မယ်။)

တစ်ခါက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လူငယ်တချို့ စကားပြောသံကို နားစွန်နားဖျား ကြားလိုက်ပါတယ်။ "မင်းလောဂျစ်ကြီးက အောက်တယ်ကွ" တဲ့။ သေသေချာချာ နားစိုက်ထောင်တော့ စီးပွားရေး၊ ကြီးပွားရေးအတွက် ပြောနေကြတာပါ။ အခုခေတ်လူငယ်တွေဟာ တိုးတက်ကြီးပွားချမ်းသာချင်ကြပါတယ်။ (ကောင်းပါတယ်)။ ဒါကြောင့် ချမ်းသာရေးလမ်းစကို လိုက်ရှာနေကြပါတယ်။ အဲဒီမှာ လောဂျစ် မလိုဘူးလားဆိုတော့ လိုအပ်ပါတယ်။ ဒါပေမဲ့ သူတို့ပြောတဲ့ လောဂျစ်က ကျွန်တော်တို့ (ရှေးဘီအတွေ) သင်ဖူးတဲ့ စနစ်တကျ ဆင်ခြင်စဉ်းစားပုံမျိုးမဟုတ်ပါဘူး။ လောဂျစ်ဆိုတဲ့ ပညာရပ်ဆိုင်ရာ စကားလုံးကို ခံတွင်းတွေ့လို့ ပြောနေကြပုံပါပဲ။

ဒါ့အပြင် တချို့လူတွေလည်း လောဂျစ်လောဂျစ်နဲ့ ပြောကြတာ ကြားဖူးပါတယ်။ သူတို့ဆိုလိုတဲ့ လောဂျစ်ဟာလည်း ဆင်ခြင်ပုံမှားတဲ့ အရပ်သုံးလောဂျစ်လောက်ပဲ ဖြစ်နေတယ်။ ဒါဖြင့် နေ့စဉ်လုပ်နေရတဲ့ကိစ္စ (အရပ်သုံး) တွေမှာ လောဂျစ်မပါရတော့ဘူးလား။ သိပ်ကိုပါသင့်တာပေါ့ဗျာ။ဒါပေမဲ့ အခြေခံစနစ်လောက်တော့ သိထားမှ ကောင်းမယ်လို့ ထင်ပါတယ်။

အခု ဒီစာကိုရေးမယ်ကြံတော့ ပညာရပ်ဆိုင်ရာတွေကို တိတိကျကျ ဖြစ်အောင်ရေးဖို့ (မသိရင် ဆရာတွေကို သွားမေးဖို့) နဲ့ လွယ်လွယ်ကူကူ သဘောပေါက်အောင် အရပ်သုံးစကား အများဆုံးထည့်ရေးဖို့ နှစ်မျိုးစဉ်းစားမိပါတယ်။

ကျွန်တော် အရပ်သုံးစကားနဲ့ ရေးဖို့ ရွေးလိုက်ပါတယ်။ ဒါကြောင့် မပြောမဖြစ် လိုအပ်တဲ့ ဘာသာရပ်ဆိုင်ရာစကားလုံးကလွဲပြီး ကျန်တာတွေကို အရပ်စကားနဲ့ ရေးပါရစေ။ ဒီလိုရေးတဲ့အတွက် ပညာရပ်ရှုထောင့်က ကြည့်ရင် ကျွန်တော့်စာတွေဟာ အားနည်းနေပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် အခုရေးမယ့် Logic အကြောင်းဟာ ပညာရှင်တွေအတွက် ရည်စူးတာ

မဟုတ်ရပါ။ ကျွန်တော့်လို သာမန်လူတွေအတွက် တတ်သလောက် မှတ်သလောက် မိတ်ဆက်ပေးလိုက်တာပါပဲ။ (တစ်နည်းအားဖြင့် ဆွေးနွေးတာပါ)။

ကျွန်တော် ကိုးကားတဲ့စာအုပ်တွေက ဆရာကြီး ဒေါက်တာခင်မောင်ဝင်းနဲ့ ဆရာဦးဆန်းလွင်တို့ပြုစုတဲ့ အခြေခံယုတ္တိဗေဒ၊ ဆရာကြီးပါမောက္ခ ဦးခင်မောင်ဒင်ရဲ့ (Introduction to Elementary Logic) နဲ့ S.H.Mellone; I.M.COPI; K.N.Karr. အစရှိတဲ့ ဆရာကြီးတွေရဲ့ စာအုပ်တချို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်ရေးတဲ့ လောဂျစ်အကြောင်းမှာ အချုတ်အချော် အတိမ်းအစောင်းအမှားအယွင်းတွေရှိရင် အဲဒီဆရာကြီးတွေနဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်တော် တုံးလို့ပါ။

စာအုပ်စာတမ်းတွေဖွားတဲ့ ပါမောက္ခဆရာကြီး ဒေါက်တာ ခင်မောင်ဝင်း (ဒဿနဗေဒ)၊ ပါမောက္ခ ဆရာကြီး ဦးသိန်းဇံ (ဆရာ နန္ဒာသိန်းဇံ)၊ ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင်ထွန်း၊ ပါမောက္ခ ဒေါ်ရီရီမြင့်၊ ပါမောက္ခ ဦးအေးကျော်၊ စာရေးဆရာကိုတာ၊ ဦးခင်မောင်ချို [ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) ဟင်္ဘာတ တက္ကသိုလ်] နဲ့ ကိုကျော်စွာ (ဆရာချစ်ဦးညို)တို့ ကိုလည်း ကျေးဇူးတင်ပါတယ်။

မြန်မာလို တိတိကျကျ ရေးသားထားတဲ့ စာအုပ်က ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းနဲ့ ကထိက ဦးဆန်းလွင်တို့ပြုစုတဲ့ အခြေခံယုတ္တိဗေဒ ဆိုတဲ့ စာအုပ်ပါ။ စာအုပ်အဟောင်းဆိုင်တွေမှာ ရှာလို့ရနိုင်ပါတယ်။

လောဂျစ်ဆိုတာ ဘာလဲ

လောဂျစ်ဆိုတာ စနစ်တကျ ဆင်ခြင်စဉ်းစားတာပါပဲ။

ဂရိစကား Logos က ဆင်းသက်လာတာပါ။ စဉ်းစားခြင်း သို့မဟုတ် ဆင်ခြင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

ဒါဖြင့်ရင် ထပ်မေးစရာပေါ်လာတယ်။ ဆင်ခြင်စဉ်းစားခြင်းဆိုတာ ဘာလဲ။ ဆန်းမှတ်လို့။ ဆင်ခြင်တာ စဉ်းစားတာပဲပေါ့လို့ လွယ်လွယ်ဖြေချင်လည်း ရပါတယ်။ ဒါပေမဲ့ ရှေ့က စနစ်တကျလို့ ဆိုထားပါတယ်။ ရိုးရိုး စဉ်းစားတာကတော့ လူတိုင်း စဉ်းစားနေကြတာပါပဲ။

မနက် အိပ်ရာထရင် မျက်နှာသစ်တယ်၊ သွားတိုက်တယ်။ တကယ်လို့

လူတစ်ယောက်ကို ခင်ဗျား အိပ်ရာထရင် ဘာဖြစ်လို့ မျက်နှာသစ်တာလဲလို့ မေးရင် ရိုက်ပေါက်တစ်မျိုးပဲ။ အများအားဖြင့် လူတွေဟာ အကျင့်ပါနေလို့ လုပ်လိုက်တဲ့ကိစ္စတွေရှိတယ်။ မျက်နှာသစ်၊ သွားတိုက်တာမျိုးပေါ့။ ငယ်ငယ်ကတည်းက အိပ်ရာကနိုးရင် မျက်နှာသစ်ကြတယ်။ ဘာဖြစ်လို့ မျက်နှာသစ်သလဲလို့ စဉ်းစားမိတဲ့လူ နည်းလိမ့်မယ်ထင်တယ်။ တကယ်တော့ ညတစ်ညလုံး မျက်ဝတ်တွေထွက်၊ အိပ်ထားတော့ မလန်းမဆန်းဖြစ်၊ အရင်နေ့ကစားထားတဲ့ စားကြွင်းစားကျန်တွေက သွားကြိုသွားကြားမှာ ပုပ်စပြုပြီ။ ဒါကြောင့် မျက်နှာသစ်တယ်၊ သွားတိုက်တယ်။ (သွားတိုက်နည်းကို သွားဆရာဝန်တွေ ရှင်းပြထားတာက အထက်အောက် တိုက်ပါ။ ရှေ့နောက် မတိုက်ပါနဲ့တဲ့။ ကျန်းမာရေးပညာပေးစာအုပ်တွေမှာ ဖတ်ရပါတယ်)။ ဒီလိုပဲ ရေချိုးတယ်။ မနက်စာ စားတယ်။ အလုပ်သွားတယ် စသဖြင့် လိုက်စဉ်းစားရင် အများကြီးပါ။ (အဲဒါတွေ ဘာကြောင့်လုပ်သလဲ ဆင်ခြင်ကြည့်စေချင်ပါတယ်။)

ဒီတော့ ဆင်ခြင်ခြင်းဆိုတာကို အဓိပ္ပာယ်ဖွင့်ဖို့ လိုလာပါတယ်။ လူတွေဟာ စဉ်းစားဆင်ခြင်နိုင်တဲ့ သတ္တဝါတွေဖြစ်တယ်။ တိရစ္ဆာန်တွေကကော။ သူတို့မှာ မွေးဗီဇအသိ၊ သဘာဝအလျောက်သိတဲ့ အသိတော့ ရှိပါရဲ့။ ဥပမာ ငှက်တွေ အသိုက်ဆောက်တတ်တယ်၊ အစာရှာတတ်တယ် အစရှိသဖြင့်ပေါ့။ ဒါပေမဲ့ စဉ်းစားဆင်ခြင်နိုင်တဲ့ သတ္တဝါကတော့ လူပဲ ရှိတယ် (လို့ဆိုတယ်) (Man is a rational animal) တဲ့။

ဒါကြောင့် စဉ်းစားဆင်ခြင်ခြင်းဆိုတာကို သဘောပေါက်ဖို့ လိုအပ်ပါ တယ်။

ဆင်ခြင်ခြင်း (Reasoning) ဆိုတာ စဉ်းစားခြင်းတစ်မျိုးပါပဲ။ ရိုးရိုးစဉ်းစားခြင်း (Thinking) မှာ ဆင်ခြင်တဲ့သဘောက သိပ်မပါဘူး။

ဥပမာဆိုပါတော့ – **အခု ကျွန်တော် စာရေးနေတယ်။ ခုနတုန်းက ကိုစိန်မျိုးမြင့် ဖုန်းဆက်တယ်။ မနေ့က ဆူဒိုနင် လာတယ်။ မဟာဂျာနယ်က စာမူလာယူတယ်။ နေ့လယ် ဆယ့်နှစ်နာရီကျော်ပြီ။ ဘာဟင်းချက်ပါလိမ့်။ မိုးအုံ့နေတယ် စသည်ဖြင့် လျှောက်တွေးနေတာဟာ** စဉ်းစားခြင်းတစ်မျိုးပဲ။ (အဆက်အစပ် မရှိဘူး)။ ဆင်ခြင်တာကျတော့ ဒီလို မဟုတ်တော့ဘူး။

အခု မေလဆန်းပြီ။ မနေ့ညက လမ်းလျှောက်ထွက်ရင်း မိုးတိမ်တွေ တွေ့ရတယ်။ ခုလည်း မိုးတွေ အုံ့နေတယ်။ ဒီနေ့ မိုးရွာလိမ့်မယ်ထင်တယ်။

အဲဒါက ဆင်ခြင်ခြင်းနဲ့ နီးစပ်လာပြီ။ ဆင်ခြင်ခြင်းတစ်မျိုးလို့ ခေါ်လို့ ရတယ်။

ဒါဖြင့်ရင် ပထမစဉ်းစားတဲ့ စာရေးနေတယ်ဆိုတာနဲ့ ဒုတိယစဉ်းစားတဲ့ အခုမေလဆန်းပြီဆိုတာမှာ ဘာကွာသလဲ။ ပထမစဉ်းစားတာဟာ အဆက်အစပ်မရှိဘူး။ အဖြေတစ်ခုခု မရဘူး။ ဒုတိယစဉ်းစားဆင်ခြင်တာကျတော့ အဆက်အစပ်ရှိတယ်။ မိုးရွာမယ်ထင်တယ်ဆိုတဲ့ မှန်းဆချက်အဖြေတစ်ခု ရတယ်။

ဒုတိယစဉ်းစားမှုဟာ ပြဿနာတစ်ခုရဲ့အဖြေကို ကြံဆကြည့်တာ ပါပဲ။ တိုတိုပြောကြပါစို့။ တောင်စဉ်းစား မြောက်စဉ်းစားနဲ့ စိတ်ကူးယောက်ရာ လျှောက်တွေးနေတာဟာ ဆင်ခြင်တာမဟုတ်ဘူး။ တစ်စုံတစ်ခုသော အဖြေကို ရှိုးဖို့ ယုတ္တိရှိရှိ စဉ်းစားတာကိုမှ ဆင်ခြင်ခြင်းလို့ ခေါ်တယ်။ (Reasoning ကို Inference သို့မဟုတ် Argument လို့လည်း ခေါ်ပါသေးတယ်။ Inference ဆိုတာလည်း ဆင်ခြင်မှု၊ Argument ဆိုတာ ဆင်ခြေလို့ မြန်မာမှုပြုထားပါတယ်။ သဘောချင်း သိပ်မကွဲပြားပါဘူး။ ဒီနေရာမှာ I.M.Copi ဆိုတဲ့ဆရာကြီးက ဆင်ခြင်မှု (Reasoning) နဲ့ ဆင်ခြေ(Argument) အဟပ်ကွာချက်မှာ ဖြစ်နိုင်တဲ့ဆင်ခြင်မှုတွေကသာ လိုက်လျောညီထွေရှိတယ်လို့ ဆိုပါတယ်)။

ပြဿနာတစ်ခုကို စဉ်းစားတဲ့အခါ၊ အဖြေရှာတဲ့အခါ အဖြေမှန်ရဖို့ အနီးစပ်ဆုံးဆင်ခြေတွေကိုသာ စဉ်းစားသင့်တယ်လို့ ပြောတာပါ။

ဥပမာ မိုးအုံ့တာနဲ့ မိုးရွာတာဟာ အဆက်အစပ်တော့ ရှိတယ်။ ဒါပေမဲ့ မိုးအုံ့တိုင်း မိုးရွာမယ်လို့ အတိအကျပြောလို့မရဘူး။ မိုးသက်လေ တွေပါ တိုက်လာပါမှ မိုးရွာဖို့ ပိုပြီးနီးစပ်လိမ့်မယ်။

တစ်ခု သတိထားဖို့ ရှိပါတယ်။ အဲဒါကတော့ ယုတ္တိရှိရှိ စဉ်းစား ဆင်ခြင်ပြီး ကောက်ချက်ချ အဖြေထုတ်ယူလို့ရတိုင်း အဲဒီကောက်ချက် (အဖြေ) ဟာ မှန်ကိုမှန်ရမယ်လို့ တထစ်ချယုံကြည်ထားလို့မရပါဘူး။ ဥပမာ ခုနက ကျွန်တော် ရေးခဲ့တဲ့ ၄ က်တွေဟာ အသိုက်ဆောက်တတ်တယ်ဆိုတာကို

ပြန်စဉ်းစားကြည့်ပါ။ ကျွန်တော်က လူတစ်ယောက်ကို "ငှက်တွေ အသိုက်ဆောက်တတ်တယ်ဗျ" လို့ ပြောရင် အဲဒီပုဂ္ဂိုလ်က ဆင့်ဉစ္စာ အနာလုပ်ပြီး ငြင်းနေမှာမဟုတ်ပါဘူး။ ဆင်ခြင်ခြင်းကို ဝါသနာမပါတဲ့သူဆိုရင် 'ဆန်းမှတ်လို့' ဆိုတဲ့ အဖြေပဲရမှာပါ။ ဒါပေမဲ့ အဲဒီငှက်တို့သည် အသိုက်ဆောက်တတ်ကြ၏ဆိုတဲ့ ကောက်ချက်ချထားမှု (သို့မဟုတ်) နိဂုံးဟာ ဘယ်အထိမှန်မလဲ။ ငှက်တို့သည်လို့ ဆိုထားတဲ့အတွက် ငှက်အားလုံးကို ရည်ညွှန်းထားပါတယ်။ ဒီတော့ ငှက်မှန်သမျှ အသိုက်ဆောက်တတ်တယ်ဆိုတဲ့သဘော ရောက်သွားတယ်။

ဒါပေမဲ့ ရော်ဘင် (Robbin) ဆိုတဲ့ အမြီးထောင်ထောင်နဲ့ စာကလေးသာသာအရွယ်ရှိတဲ့ ငှက်ကလေးကျတော့ အသိုက်မဆောက်တတ်ဘူး ဆိုပါတော့၊ ဉာ်ဆိုတဲ့ အကောင်ကလည်း ငှက်လည်ကျတယ်။ သူ့ဉာ်ကို ကျီးကန်းသိုက်ထဲမှာ အလစ်ဝင်ပြီး ဉထားတတ်တယ်။ ဉာ်ကမဟာ သူ့ဉာ်ကို မဝပ်ဘူး။ ကျီးကန်းမက ဉာ်ဉာ်ကို သူ့ဉာ်ထင်ပြီး ဝပ်ပေးရတယ်။ အကောင်ပေါက်၊ အတောင်ပံထွက်လာခါမှ ကျီးကန်းမဟာ သူ့ဉ (သူ့ကလေး) မဟုတ်မှန်းသိလို့ ထိုးဆိတ်ပြီး သူ့အသိုက်ကနေ နှင်လွှတ်လိုက်တယ်။

ဉာ်ကဟာ ငယ်ငယ်ကတည်းက သူ့အမေ ဘယ်သူမှန်း မသိဘူး။ အဖေဆိုတာတော့ ဝေးရော။ ဒါကြောင့် ဉာ်ကငှက်သံကလေးက လွမ်းမောဖွယ်ကောင်းနေသလား မသိပါဘူး။ (ဒါလည်း ဆင်ခြင်စဉ်းစားပုံ တစ်မျိုးပဲပေါ့)။ ဒီတော့ ဉာ်ကဲ့သို့သော တချို့ငှက်တွေဟာ အသိုက်မဆောက်တတ်ဘူးလို့ မှန်းဆရနိုင်တယ်။ ဒါကြောင့် ငှက်တို့သည် အသိုက်ဆောက်တတ်၏ဆိုတဲ့ ကောက်ချက် (Conclusion) ဟာ အလုံးစုံ မမှန်တော့ဘူး။ ယေဘုယျသဘောပဲ မှန်တယ်။ အများအားဖြင့်တော့ မှန်တယ်။ ဒါကြောင့် ကောက်ချက် (နိဂုံး) (Conclusion) တွေ မှန်ကိုမှန်ရမယ်လို့ တစ်ဖက်စွန်းရောက် မစွဲလမ်းသင့်ဘူး။ မိုးလေဝသ ကြေညာချက်တွေလိုပေါ့။ ရွာရန်ရာနှုန်း ရှစ်ဆယ်တဲ့။ ကျန်တဲ့ နှစ်ဆယ်ရာခိုင်နှုန်းက မိုးမရွာချင် မရွာဘူးလို့ အဓိပ္ပာယ်ရပါတယ်။

နောက်ထပ် ခပ်ပေါက်ပေါက် ကောက်ချက် (Conclusion) တစ်ခု ထုတ်ကြည့်ရအောင်။

လူများသည် သတ္တဝါများဖြစ်ကြ၏။

ခွေးများသည်လည်း သတ္တဝါများဖြစ်ကြ၏။

ထို့ကြောင့် လူများသည် ခွေးများဖြစ်ကြ၏။

အဲဒါကိုတော့ သာမန်စဉ်းစားပုံနဲ့တင် တော်တော်ဂေါက်ပါလားလို့ သိနိုင်ပါတယ်။

ဒါပေမဲ့ အဲဒီကောက်ချက်ထဲမှာ အမှန်ကလေးတစ်ခုပါနေတယ်။ ကောက်ချက်ဆွဲပုံဆွဲနည်း တုံးလို့သာ လူသည် ခွေးဖြစ်၏ ဆိုတာကို ရတာပါ။ တကယ်လို့ အဲဒါကို ဆင်ခြင်ပုံ ပုံစံတစ်မျိုးနဲ့ ကောက်ချက်တစ်မျိုး ဆွဲယူရင် နိပ်သွားပါလိမ့်မယ်။

လူများသည် သတ္တဝါများ ဖြစ်ကြ၏။

ခွေးများသည် သတ္တဝါများ ဖြစ်ကြ၏။

ထို့ကြောင့် လူနှင့်ခွေး တို့သည် သတ္တဝါများဖြစ်ကြ၏။

[အစုသီအိုရီ (Set theory) မှာ ပါပါတယ်။ ဝိုင်လာဆာကယ် (Wyler's Circle) လို့ ခေါ်ပါသတဲ့။ အဲဒါဆိုရင် တော်တော်လေး ဘဝင်ကျစရာ ဖြစ်လာနိုင်ပါတယ်။ ဒီလိုဆင်ခြင်နည်းတွေနဲ့ပတ်သက်ပြီး (ဆင်ခြင်မှန်နဲ့ ဆင်ခြင်မှား) အကြောင်း ရေးတဲ့အခါ ရှင်းသွားပါလိမ့်မယ်။ Falacies ဆင်ခြင်အမှားများအကြောင်း ဆွေးနွေးတဲ့အခါလည်း ရှင်းနိုင်ပါတယ်။]

ဆင်ခြင်ခြင်းမှန်သမျှဟာ ပြဿနာတစ်ရပ်ရပ်ကို ဖြေရှင်းဖို့၊ ဒါမှမဟုတ် အဖြေတစ်ခုရှာဖို့အတွက် ဦးတည်နေပါတယ်။

နောက်တစ်မျိုးက ဆင်ခြင်ခြင်းဟာ ကိုယ်ဖြေရှင်းမယ့်ပြဿနာရဲ့ အကြောင်းအရာ ဘောင်အတွင်းမှာ ရှိရပေလိမ့်မယ်။ နည်းနည်းရှုပ်သွားပါသလား၊ ခဏသည်းခံပါ။ ပညာရပ်တွေနဲ့ ပတ်သက်လာရင် ဒီလိုပဲ အဓိပ္ပာယ်သတ်မှတ်ချက်တွေ ပါမှဖြစ်ပါတယ်။ နို့မို့ရင် ပရမ်းပတာဖြစ်သွားတတ်လို့ပါ။

ဥပမာ မိုးရွာမယ် မရွာဘူး ဆိုတဲ့ ပြဿနာကိုရှင်းချင် (အဖြေရှာချင်)ရင် မိုးရွာခြင်းနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကနေစပြီး စဉ်းစားမှ အနီးစပ်ဆုံး အဖြေကိုရမယ်။

(၁) မိုးရာသီဖြစ်ရမယ်။

(၂) မိုးတိမ်တွေ ရှိနေရမယ်။

(၃) မိုးသက်လေ တိုက်လာရမယ်။

(၄) မိုးလေဝသသတင်း စသဖြင့် မိုးရွာဖို့အကြောင်းတွေကို စဉ်းစားမှ ဖြစ်လိမ့်မယ်။

အဲဒီလိုဆင်ခြင်တဲ့အခါ ဆင်ခြင်မှုတွေကိုဖော်ပြတဲ့ စာကြောင်းတွေ ဒါမှမဟုတ် ဖော်ပြချက်တွေကို Premises(နိဒါန်းများ) လို့ခေါ်ပါတယ်။ လွယ်လွယ်ပြောရရင် စဉ်းစားဆင်ခြင်ချက်တွေပါပဲ။ အဲဒီစဉ်းစားဆင်ခြင်ချက်တွေကို ကောက်ချက်ဆွဲချလိုက်တဲ့အခါ အဖြေ သို့မဟုတ် Conclusion (နိဂုံး) ဆိုတာကို ရပါတယ်။

အဲဒီနိဒါန်းဆိုတာတွေ၊ နိဂုံးဆိုတာတွေရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကို သိဖို့တော့ လိုလိမ့်မယ်ထင်ပါတယ်။ နိဒါန်းဆိုတာ (Premises) ကောက်ချက်ဆွဲဖို့အတွက် ဆင်ခြင်ပြီးဖော်ပြတဲ့ ဖော်ပြချက်ပါပဲ။

Conclusion ဆိုတာက ခုန နိဒါန်း (သို့မဟုတ်) ဖော်ပြချက်များကနေ ထပ်စဉ်းစားယူတဲ့ နိဂုံး (သို့မဟုတ်) ကောက်ချက်တွေပဲ ဖြစ်ပါတယ်။

Argument (ဆင်ခြေ) ဆိုတာကတော့ အနည်းဆုံး ဆင်ခြင်ခြင်း တစ်ခုကနေ ကောက်ချက်ဆွဲချတာပါပဲ။

(တချို့ လောဂျစ်ပညာရှင်တွေက Reasoning ဆိုတဲ့ ဝေါဟာရကို သီးသီးသန့်သန့်ဖြစ်အောင် ယေဘုယျကျတဲ့(အများအားဖြင့် မှန်တဲ့) ဆင်ခြင်ချက်တွေနဲ့ ဆင်ခြင်မှုလို့ သတ်မှတ်ကြတယ်။ ပြီးတော့ ဆင်ခြေကိုလည်း သီးခြားသဘောနဲ့ ဖော်ပြတဲ့ ဆင်ခြင်ခြင်းလို့ ယူဆကြပါတယ်။)

ဒီတော့ ဆင်ခြင်ခြင်း (Reasoning) ဆိုတာ (ပရမ်းပတာ မဟုတ်ဘဲ) ဝိသေသ သဘောတစ်မျိုးနဲ့ စဉ်းစားပြီး အဲဒီစဉ်းစားချက်တွေကမှ ကောက်ချက် (နိဂုံး) ဆွဲယူခြင်းလို့ အဓိပ္ပာယ်သတ်မှတ်နိုင်ပါပြီ။

လွယ်လွယ်ကူကူဆိုရရင် ဆင်ခြင်ခြင်းဆိုတာ အများအားဖြင့် မှန်တဲ့ ဆင်ခြေတွေကနေ အဖြေထုတ်ယူစဉ်းစားခြင်းပဲလို့ ပြောနိုင်ပါတယ်။ ပညာရပ်ဆိုင်ရာ ကိစ္စဖြစ်တဲ့အတွက် မလွဲသာမရှောင်သာ အဓိပ္ပာယ်သတ်မှတ်ချက်တွေ တင်ပြရပါတယ်။

လိုရင်းအချုပ်ကိုပြောရလျှင် (Logic) ယုတ္တိဗေဒဆိုတာ တွေးခေါ်ဆင်ခြင်ပုံ ဥပဒေသများကို လေ့လာတဲ့ပညာ (Science of the Law of thought) လို့ ပြောနိုင်ပါတယ်။

လောဂျစ်နှစ်မျိုး

ခုထိ ယုတ္တိဗေဒ (Logic) နှစ်မျိုး ရှိတဲ့အကြောင်း မပြောရသေးပါ။ Logic မှာ (၁) ခြုံယူယုတ္တိဗေဒ (Inductive Logic) နှင့် (၂) ထုတ်ယူယုတ္တိဗေဒ (Deductive Logic) လို့ နှစ်မျိုးရှိပါတယ်။

ခြုံယူယုတ္တိဗေဒ (Inductive Logic) ဆိုတာ သီးခြား ဒါမှမဟုတ် တချို့ကိစ္စတွေကို ဆင်ခြင်သုံးသပ်ပြီး (အဲဒီအကြောင်းခြင်းရာနဲ့ပတ်သက်လို့) အများ ဒါမှမဟုတ် အားလုံးအတွက် (နိဂုံး) ကောက်ချက်ဆွဲကြည့်တာပါပဲ။

ဥပမာ ကျောက်သင်ပုန်း (၁)– – မည်းတယ်
ကျောက်သင်ပုန်း (၂)– – မည်းတယ်
ကျောက်သင်ပုန်း (n)– – မည်းတယ်
ဒါကြောင့် ကျောက်သင်ပုန်းအားလုံး မည်းတယ်။

မှန်ပါသလား။ ယေဘုယျသဘော(အများအားဖြင့်တော့)မှန်ပါတယ်။ ဒါပေမဲ့ တချို့နေရာတွေမှာ ကျောက်သင်ပုန်းကို အစိမ်းရင့်ရောင်သုတ်ထားကြတယ်။ အဲဒီတော့ ကျောက်သင်ပုန်းအစိမ်းကို မတွေ့မချင်း ကျောက်သင်ပုန်းဟာ မည်းတယ်ဆိုတဲ့ ကောက်ချက်ဟာ မှန်တယ်။ ကျောက်သင်ပုန်းအစိမ်းကို တွေ့လိုက်ရတာနဲ့ အဲဒီကောက်ချက် (အမှန်) ဆိုတာဟာ ယိုင်နဲ့သွားပြီ။ Whiteboard ပေါ်လာတော့ သင်ပုန်းအဖြူ ဖြစ်သွားပါပြီ။

ဒီထက်သေချာတာတစ်ခုကို စဉ်းစားရအောင်ပါ။

ကျွန်တော်တို့ဟာ စံပယ်ပန်းမှန်သမျှအားလုံးကို မတွေ့ဖူးကြပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ တွေ့ဖူးသမျှ စံပယ်ပန်းတွေဟာ အဖြူတွေချည်းပါပဲ။ ဒါကြောင့်

တွေ့ဖူးသမျှ အချို့စံပယ်ပန်းတွေဟာ ဖြူကြတယ်။
ဒါကြောင့် စံပယ်ပန်းအားလုံး ဖြူကြတယ်။

ဒီနေ့အထိ အပြာရောင် စံပယ်ပန်းဆိုလို့ ကျွန်တော် တစ်ပွင့်မှ မတွေ့ဖူးပါဘူး။ ဒါဖြင့် စံပယ်ပန်းအားလုံး ဖြူကြတယ်ဆိုတဲ့ အဆိုဟာ မှန်တယ်လို့ ယူဆနိုင်ပါ့မလား။ ဟုတ်ကဲ့၊ ခုထိတော့ မှန်တုန်းပဲ။ ဒါပေမဲ့ ဒီဝ နည်းပညာ အလွန်တိုးတက်နေတဲ့ ခုအခါမှာ သိပ္ပံပညာရှင်တစ်ယောက်က စံပယ်ပန်း မျိုးစေ့ထဲကို အရောင်ဆိုးပေးနိုင်တယ်ဆိုရင် စံပယ်ပန်းအပြာ၊

အနီ၊ အနက် စသဖြင့် အများကြီးဖြစ်လာနိုင်ပါတယ်။ (ဒီကိစ္စကိုလည်း သိပ်အကျိုးမထူးရင် လုပ်ကြမယ် မထင်ပါဘူး)။ ဒါကြောင့် Logic မှာ ယေဘုယျ (အများအားဖြင့်) မှန်တယ်လို့ပဲ ပြောလို့ရပါတယ်။ အဲဒါတွေဟာ မြင်၊ ကြား၊ နံ၊ စား၊ ထိ အစရှိတဲ့ အာရုံတွေနဲ့ သဘောပေါက်ရတဲ့အတွက် အဲဒါတွေကို အာရုံသိတွေလို့ ဆိုရပါမယ်။ ဒါပေမဲ့ အဲဒီအာရုံသိတွေပေါ် အခြေခံပြီး မမြင်ဖူး၊ မကြားဖူး၊ မရှုဖူး၊ မစားဖူး၊ မထိဖူးသေးတဲ့ အကြောင်းတွေကို ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့အတွက် သိပြီးသားမဟုတ်တဲ့ကိစ္စတွေလည်း အဲဒီ (နိဂုံး) ကောက်ချက်တွေမှာ ပါပါတယ်။

ဒါကြောင့် ခြုံယူယုတ္တိဗေဒ (Inductive Logic) မှာ အောက်ပါ အချက်တွေ အဓိကအဖြစ် ပါဝင်ပါတယ်။

၁။ ခြုံယူဆင်ခြင်ခြင်းသဘောမှာ သီးခြားနိဒါန်း (ဖော်ပြချက်၊ တွေ့ရှိချက်) တွေကနေ ယေဘုယျနိဂုံး (ကောက်ချက်) ကို ဆွဲယူနိုင်ပါတယ်။

၂။ ခြုံယူဆင်ခြင်ခြင်းရဲ့ နိဒါန်း (တွေ့ရှိချက် စတာ) တွေဟာ သိပြီးသားကိစ္စတွေဖြစ်ပေမဲ့ အဲဒီနိဒါန်းက ဆွဲယူလိုက်တဲ့ နိဂုံး (ကောက်ချက်ချမှု)ဟာ မသိသေး၊ မကြုံသေးတဲ့ ကိစ္စတွေလည်း ပါပါတယ်။

၃။ အဲသလို သိပြီးသား (နိဒါန်း) တွေကနေ ကောက်ချက်ဆွဲတဲ့အခါ မသိသေး၊ မကြုံသေးတာတွေလည်း ပါဝင်တဲ့အတွက် အဲဒီခြုံယူဆင်ခြင်ခြင်းကို ယေဘုယျပြုခြင်း (Generalization) လို့ခေါ်ပါတယ်။

၄။ ခြုံယူဆင်ခြင်လို့ရတဲ့အဖြေ (ကောက်ချက်/နိဂုံး) တွေဟာ မလွဲမသွေ မှန်ကို မှန်ရမယ်လို့ ဆုံးဖြတ်လို့မရပါ။ တစ်ခါတစ်ရံမှားနိုင်ပါတယ်။ ဒါကြောင့် အဲဒီနိဂုံး (ကောက်ချက်) ကို ဖြစ်တန်ရာအခြေ (သို့မဟုတ်) ဖြစ်တန်စွမ်း (probability) သာရှိတယ်လို့ ပြောလို့ရပါမယ်။

ဒီလောက်တော့ ခင်ဗျားပြောမှလား၊ ကျုပ်တို့လည်း စဉ်းစားနိုင်တာပေါ့လို့ ပြောနိုင်ပါတယ်။ ကျွန်တော်က စနစ်တကျ ဆင်ခြင်တဲ့နည်း

အကြောင်းကို လွယ်လွယ်ကူကူ အရပ်သုံးစကားနဲ့ ဆွေးနွေးကြည့်တာပါ။ ကျွန်တော်တို့ နောက်တစ်ခု စဉ်းစားဆင်ခြင်ကြည့်ရအောင်ပါ။

o

နက္ခတ္တဗေဒ (Astronomy) နဲ့ စကြဝဠာဗေဒ (Cosmology)

ပညာရှင်တွေက စကြဝဠာကြီးမှာရှိတဲ့ ကမ္ဘာ၊ နေ၊ လ၊ ကြယ် အစရှိတဲ့ စကြဝဠာပစ္စည်းတွေဟာ စက်လုံးပုံသဏ္ဌာန်ရှိကြပြီး သူ့လမ်းကြောင်းနဲ့သူ လည်ပတ်နေကြတယ်လို့ ယေဘုယျ အဆိုပြုခဲ့ကြတယ်။ (ခြွင်းချက်အနေနဲ့ ဂြိုဟ်ပျက်၊ ဥက္ကာခဲ၊ ကြယ်တံခွန်တို့ဟာ ပုံသဏ္ဌာန် အမှန်မရှိပါဘူး။ ဒါပေမဲ့ ကြယ်တံခွန်ဟာလည်း စကြဝဠာမှာ သူ့လမ်းကြောင်းနဲ့သူ လည်ပတ်လှုပ်ရှားနေတယ်ဆိုတာကို တွေ့ရှိခဲ့ကြတယ်။ ဟေလီဆိုတဲ့ ပညာရှင်က ၇၆ နှစ် တစ်ကြိမ် ကမ္ဘာနား ကပ်ဖြတ်သွားတဲ့ ကြယ်တံခွန်တစ်ခုကို သတိထားမိပြီး အဲဒီကြယ်တံခွန်ဟာ တစ်ခေါက်လာပြီးနောက် ၇၆ နှစ်ကြာရင် ထပ်လာမယ်လို့ ဟောကိန်းထုတ်ခဲ့ပါတယ်။ အဲဒီအတိုင်းလည်း မှန်ခဲ့ပါတယ်။

ဒါကြောင့် အဲဒီကြယ်တံခွန်ကို ဟေလီကြယ်တံခွန်လို့ အမည်ပေးခဲ့ကြပါတယ်။

ဒီကိစ္စမှာ ဟေလီ (Halley) သုံးတဲ့ လောဂျစ်ဟာ ရှင်းရှင်းလွယ်လွယ်လေးပါ။ ခုပြောတော့သာ လွယ်လွယ်လေးလို့ ပြောနိုင်တယ်။ ကြယ်တံခွန်လာတဲ့ စာရင်းဇယားအများကြီးထဲက ၇၆ နှစ် တစ်ကြိမ် ကမ္ဘာနားကပ်လာတဲ့ ကြယ်တံခွန်ကို ရှာတွေ့ဖို့ တော်တော်ခက်ပါတယ်။ ကောက်ရိုးပုံထဲ အပ်ရှာရတာမျိုးပါ။ ဟေလီတို့ခေတ်အခါ (ခရစ် ၁၆၆၀ လောက်က) ရှေးဟောင်းအယူအဆတွေဖြစ်တဲ့ ဂြိုဟ်ဆိုးကြမ္မာဆိုး သယ်ဆောင်လာတဲ့ ကြယ်တံခွန်ကြောင့် စစ်ဖြစ်မယ်၊ တိုင်းပြည်ပျက်မယ်၊ ကပ်ဆိုက်မယ် အစရှိတာတွေကို ကြုံကြုံခံတော်လှန်ပြီး တွက်ချက်တင်ပြရတာပါ။ အသက်ဘေးနဲ့တောင် နီးပါတယ်။

ကမ္ဘာကြီး လုံးတယ်၊ နေကို ကမ္ဘာက ပတ်နေတယ်လို့ ပြောမိတဲ့

ဂလယ်လီယိုဟာ အကျယ်ချုပ်ခံခဲ့ရတယ်။ သူ့အဆိုကို ပြန်ရုပ်သိမ်းမှ အချုပ်ကလွတ်တယ်။

ဟေလီက မှတ်တမ်းတွေအရ ကြယ်တံခွန်တစ်ခုဟာ ၇၆ နှစ်မှာ တစ်ကြိမ် ကမ္ဘာနားက ဖြတ်တယ်။ ၃ ကြိမ်အထိ မှန်တယ်။ ဒါကြောင့် နောက်ထပ် ၇၆ နှစ်ကြာရင် ကမ္ဘာနား ထပ်လာမယ်လို့ ဟောကိန်းထုတ်လိုက်တာပါပဲ။ မှန်ခဲ့ပါတယ်။

(၁၉၈၆ ခုနှစ်တုန်းက ဟေလီကြယ်တံခွန်ကို တွေ့ရတယ်။ ၂၀၆၂ ခုမှာ ထပ်တွေ့ရမယ်)

နက္ခတ်ဗေဒင် (Astrology) ပညာရှင်များကလည်း သူတို့နည်းနဲ့ သူတို့ ကောက်ချက်ဆွဲကြပါတယ်။ အဲဒါက အဲဒီဟေလီကြယ်တံခွန် ကမ္ဘာနား ရောက်တဲ့အချိန်များမှာ စစ်ဖြစ်တတ်တယ်။ ကပ်ဆိုက်တတ်တယ်လို့ ဆိုပါတယ်။ ၁၉၁၀ ပြည့်နှစ်ဝန်းကျင်မှာ ပထမကမ္ဘာစစ်ဖြစ်ခဲ့ပါတယ်။ ၁၉၈၆ ဝန်းကျင်မှာ အရှေ့ဥရောပနိုင်ငံတွေ (ကွန်မြူနစ်နိုင်ငံဟောင်းတွေ) မှာ မျိုးဖြုတ်စစ်ပွဲတွေ ဖြစ်ခဲ့တယ်။ တိုက်ဆိုင်တယ်ပဲပြောပြော ယေဘုယျသဘောမှာတော့ ဟုတ်နေပါတယ်။ ဒါဟာ ဖြစ်တန်ရာအခြေ (Probability)နဲ့ တွက်ယူတာပါပဲ။ လေ့လာစူးစမ်းမှု အင်အားကတော့ မလျှော့တဲ့ခွဲမျိုး လိုပါတယ်။

ဒါပေမဲ့ ကြယ်ဟံခွန်ဆိုတဲ့ အာကာသပစ္စည်းဟာ စကြဝဠာအတွင်း လှည့်ပတ်သွားရင်းနဲ့ သူ့ပစ္စည်းတွေကို စွန့်လွှတ်ထားခဲ့ရတယ်။ စုဆောင်းယူသွားတာတွေလည်း ရှိတယ်။ ဒါကြောင့် ဟေလီကြယ်တံခွန်ဟာ နောင်နှစ်ပေါင်း ထောင်နဲ့သောင်းနဲ့ ချီတဲ့အခါ လုံးပါးပါးပြီး ပျောက်ကောင်းပျောက်သွားလိမ့်မယ်။ နောက်အသစ်တစ်မျိုး ပေါ်ချင်ပေါ်လာလိမ့်မယ်။ နောက်ဆုံးပေါ် ခေတ်အမီဆုံးဆိုတဲ့ ရူပဗေဒနိယာမတစ်ခုက မသေချာမရေရာနိယာမ (Principle of Uncertainty) တဲ့။

စကြဝဠာပစ္စည်းအားလုံး အလုံးချည်းပဲလား

ကဲ... ကျွန်တော်တို့ ဂြိုဟ်ကမ္ဘာ၊ ကြယ်၊ လ၊ နေ အစရှိတဲ့ပစ္စည်းတွေဟာ စက်လုံးပုံသဏ္ဌာန်ရှိပြီး သူ့လမ်းနဲ့သူ လည်ပတ်နေကြတယ်ဆိုတဲ့ ကောက်ချက်ကို လေ့လာကြည့်ရအောင်ပါ။

အဲဒီကောက်ချက်ဟာ အာကာသတွင်းနက် (Black Holes) တွေကို မတွေ့ခင်အထိ မှန်နေပါတယ်။ (အေဒီ ၁၈ ရာစုမှာ စတွေ့တယ်။ ၂၀ ရာစုရောက်မှ အတည်ပြုနိုင်ခဲ့တယ်။)

အာကာသတွင်းနက်ကြီးတွေဟာ စကြဝဠာကြီးရဲ့ ပစ္စည်းတစ်မျိုးပါပဲ။ ဒါပေမဲ့ ရှေးတုန်းက ယူဆသလို စက်လုံးပုံသဏ္ဌာန် မဟုတ်ဘူး။ အဝိုင်းလည်း မဟုတ်ဘူး။ လေးထောင့်လည်း မဟုတ်ဘူး။ တွင်းနက်ဆိုတော့ ရေတွင်းကြီး လိုလား၊ အဲဒါလည်း မဟုတ်ဘူး။ ရေတွင်းလိုမျိုးဆိုရင် ဘေးမှာအနားရှိ ရမယ်။ တွင်းနက်ကြီးတွေမှာ အနားလို့ပြောလို့ရတဲ့ အရာမရှိဘူး။ ဒါဖြင့် ဘယ်လိုပုံသဏ္ဌာန်လဲ၊ ခုထိ မသိသေးဘူး။ အလွန်အားကောင်းတဲ့ နက္ခတ် ကြည့် မှန်ဘီလူးကြီးတွေနဲ့ကြည့်ရင်လည်း မမြင်ရဘူး။

ဒါဖြင့် မြင်လည်း မမြင်ရဘူး။ အလုံးအရပ်သဏ္ဌာန်လည်း မရှိဘူး။ အဲဒီတွင်းနက်မှာ အချိန်တို့၊ နေရာဒေသတို့ ဆိုတာလည်း အဓိပ္ပာယ်မရှိတော့ ဘူးတဲ့။ ဒီလိုဆို အဲဒါကြီး ရှိနိုင်ပါ့မလား။ မြင်မှမမြင်ရတာ၊ သဏ္ဌာန်ရယ် လို့လည်း မရှိတာ၊ ဘယ်လိုလုပ်ရှိနိုင်မှာလဲ။ မရှိနိုင်ဘူးလို့ သာမန်လောကျစ်နဲ့ တွက်ယူလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ရှိပါတယ်တဲ့။ အဲဒီတွင်းနက်ကြီးနေရာ နားကိုရောက်သွားတဲ့ ဘယ်လိုပစ္စည်းဖြစ်ဖြစ် (အဆုံးစွန်) အလင်းရောင် ဖြစ်ဖြစ်၊ အဲဒီတွင်းနက်ကြီးထဲက ဆွဲငင်စုပ်ယူလိုက်လို့ စုပ်စမြုပ်စ လုံးဝ ပျောက်ပြီး ဘယ်ရောက်သွားမှန်း မသိတော့ဘူးတဲ့။ အဝင်ရှိရင် အထွက် ရှိရမှာပေါ့ဆိုတဲ့ လောကျစ်နဲ့ စဉ်းစားကြည့်လို့လည်း မရသေးဘူး။ အဲဒီ တွင်းနက်ထဲ ဝင်သွားသမျှဟာ ဘယ်ကမှ ပြန်ထွက်လာတယ်လို့ မတွေ့ရှိ၊ မသိရသေးဘူး။ (အနောက်တိုင်း သိပ္ပံပညာရှင်ကြီးတချို့ကတော့ တွင်းနက်ရဲ့ တစ်ဖက်မှာ တွင်းဖြူရှိတယ်။ အဲဒါ အထွက်ပဲ။ ဘယ်ကိုထွက်သလဲ။ အခြား အနန္တစကြဝဠာတစ်ခုဆီကို ထွက်တယ်။ အဲဒီတွင်းနက်ဟာ စကြဝဠာအနန္တ တစ်ခုနဲ့တစ်ခု ဆက်သွယ်တဲ့ ဥမင်လိုဏ်ခေါင်း၊ တီကောင်အရေခွံသဘောလို့ မှန်းဆကြပါတယ်။ ရေရာတဲ့တွေ့ရှိချက် မရှိသေးပါဘူး။) တွင်းနက်ထဲဝင် ပြီးရင် ဘယ်ကမှ ပြန်ထွက်လာတယ်လို့ မတွေ့ရှိ မသိရသေးဘူး။ ဒါဖြင့် တွင်းနက်ဆိုတာကြီး ဘယ်လိုဖြစ်လာသလဲ။

ကြယ်မှန်သမျှဟာ ကျွန်တော်တို့ရဲ့ နေမင်းလိုဟာကြီးတွေချည်းပဲ။

အကြီးအငယ်တော့ ကွာသပေါ့။ သိပ္ပြီးသားပုဂ္ဂိုလ်များ ကျော်ဖတ်သွားကြ ပါလို့ တောင်းပန်ပါတယ်။

အဲဒီ ကြယ်ဘီလူးကြီး (နေမင်းထက် အဆများစွာကြီးတဲ့ ကြယ်ကြီး တွေ) မှန်သမျှဟာ စက္ကန့်တိုင်း စက္ကန့်တိုင်း ဟိုက်ဒရိုဂျင် နျူကလီးယားဗုံး တွေလို ပေါက်ကွဲထွက်ပြီး အကြီးအကျယ် တောက်လောင်နေတဲ့ မီးလုံးကြီး တွေပါပဲ။ ဒါပေမဲ့ အနိစ္စသဘောအရ စတင်လောင်ကျွမ်းရာကနေ တဖြည်း ဖြည်း ပြန်လျော့။ နောက်ဆုံးမှာ ကြယ်ဖြူပုလေးဖြစ်၊ နောက် ပေါက်ကွဲမှုကြီး ဖြစ်ပြီးတော့ ချုပ်ငြိမ်းသွားကြတယ်။ အလင်းနဲ့အပူ ထုတ်လွှတ်မှုမရှိတော့ဘူး။ ဒါပေမဲ့ အလွန်အလွန် အဆမတန် သိပ်သည်းသွားတယ်။ သိပ်သည်းဆများ ရင် ဆွဲအားများတယ်။ အဆမတန် သိပ်သည်းသွားတဲ့အခါ အတိုင်းအထွာ (Dimension) ရယ်လို့မရှိတော့ဘဲ (အလျားမရှိ၊ အနံမရှိ၊ ထုထည်မရှိ၊ အချိန်သဘောမရှိ၊ Space သဘောမရှိ) ပြောမပြနိုင်အောင် ကြီးမားလွန်းတဲ့ ဆွဲငင်အားကြီး ဖြစ်ပေါ်လာတယ်။ ခုနပြောသလို အလင်းရောင်ကိုတောင် ဆွဲယူစုပ်မျိုပစ်လိုက်နိုင်တယ်။ အထွက်လမ်း အပြန်လမ်းမရှိ၊ သို့မဟုတ် မတွေ့ရ။

ဒါကြောင့် ပညာရှင်များဟာ နက္ခတ္တဗေဒ၊ သင်္ချာပညာ၊ ရူပဗေဒ စသည်တို့နဲ့ တွက်ချက်ကြည့်ပြီး ကောက်ချက် (နိဂုံး) ဆွဲယူလိုက်တယ်။

အနန္တစကြဝဠာကြီး၌ အာကာသ တွင်းနက်ကြီးများ (Black Holes) ရှိသည်။ (ပုံပန်းသဏ္ဌာန် မရှိ၊ မမြင်ရ)။

အဲဒါကို သိပ္ပံပညာရှင်တွေက တစ်ဆင့်ချင်း စဉ်းစားဆင်ခြင်ယူတာ ပါပဲ။ ကြယ်အကြီးကြီးတွေက စတယ်။ နောက်ဆုံး ကြယ်ဖြူပုတွေကို တွေ့ရ တယ်။ နောက်ပေါက်ကွဲမှုကြီးကို တွေ့ရတယ်။ အဲဒါပြီးတော့ ဘာဖြစ်သွား သလဲဆိုတဲ့ မေးခွန်းကို ထုတ်တယ်။ အဖြေရှာတယ်။ တွေ့တယ်။ ပြောမပြနိုင် အောင် သိပ်သည်းပြီးနောက် အတိုင်းအထွာရယ်လို့ မရှိအောင် ပျောက်သွား တယ်။ အဲဒီနေရာမှာ အလွန်အလွန် အဆမတန် ကြီးမားတဲ့ ဆွဲငင်အားကြီး ဖြစ်သွားတယ်။ အဲဒီကိစ္စကို နားလည်လွယ်အောင် အာကာသတွင်းနက်ကြီး များလို့ အမည်ပေးလိုက်တယ်။

"အတိုင်းအဆ မရှိ စွမ်းအားကြီး၏။ အတိုင်းအထွာရယ်လို့ မရှိ။

သို့သော် ရှိ၏ " [ကျွန်တော်တို့ နားလည်ထားတဲ့ 'အချိန်' တို့ 'နေရာ' တို့ ဆိုတာ အဲဒီမှာ (တွင်းနက်မှာ) ရှင်းမပြနိုင်တော့ဘူး။ အချိန်ရပ်သွားမယ်] ဆိုတဲ့ အဖြေရတယ်။ သီအိုရီပညာရှင်တွေရဲ့ အဆိုအမိန့်ပါ။ ရုတ်တရက် စဉ်းစားရင်တော့ တော်တော်မှ တော်တော်ကြီးကို အူလည်လည်ဖြစ်နိုင်တဲ့ ကိစ္စကြီးပါ။ ကျွန်တော်က ဆင်ခြင်စဉ်းစားခြင်းနဲ့ ကောက်ချက် (နိဂုံး) ဆွဲယူခြင်းကို ပြောချင်လို့ ဥပမာပေးလိုက်ရတာပါ။

နည်းနည်းဦးနှောက်စားသွားပါသလား။ သို့မဟုတ် စိတ်ဝင်စားပါသလား။ စိတ်ဝင်စားတယ်ဆိုရင်တော့ မြန်မာဘာသာနဲ့ ရေးထားပြီးဖြစ်တဲ့ အောက်ပါစာအုပ်စာတမ်းများကို ညွှန်းပါရစေ။

၁။ (ဆရာကြီး) သခင်ဘသောင်းရေးတဲ့ ဗုဒ္ဓ၏စကြဝဠာ သဘောတရား။

၂။ (ဆရာကြီး) ဗန်းမော်တင်အောင်ရေးတဲ့ အိန်စတိန်းနှင့် သူ၏ဓမ္မတရား။

၃။ (ဆရာကြီး)တက္ကသိုလ်ကြယ်ပွင့်ရေးတဲ့ ရီလေတီဗတီသီအိုရီ၊ ကွမ်တန်မကွင်းနစ်၊ စူပါကြိုးမျှင်လေးသီအိုရီ စတဲ့စာအုပ်များ။

၄။ သင်္ချာပါမောက္ခ (ဆရာကြီး) ဒေါက်တာခင်မောင်ဝင်းနှင့် တက္ကသိုလ် ရွှေရိုဝင်းတို့ ပြုစုတဲ့ ဂိမ်းသီအိုရီ၊ သင်္ချာဝေါဟာရများနှင့် အခြားစာအုပ်များ။

၅။ (ဆရာကြီး) ပေါင်းတည် ဘုန်းကြည်ရေးတဲ့ နက်နဲလှစွာ စကြဝဠာ။

၆။ (ဆရာကြီး) အောင်ကျော်ရဲ့ ကြယ်မင်းတို့၏ ရာဇဝင်စသဖြင့် အများကြီးပါပဲ။ သိပ္ပံအခြေခံ အသင့်အတင့်ရှိရင် ဖတ်လို့လည်း ကောင်းပါတယ်။ စိတ်ဝင်စားစရာတွေပါ။ စိတ်မဝင်စားရင်တော့ အိပ်ရာဝင်ခါနီး ဖတ်ပါ။ ငါးမျက်နှာလောက် ဖတ်ရုံနဲ့ မျက်စိညောင်းပြီး အိပ်ပျော်သွားပါလိမ့်မယ်။ (ခု ကျွန်တော်ရေးနေတဲ့ ဒီစာမျိုးတွေပေါ့ဗျာ)။

*

ကက်ပလာဆိုတဲ့ နက္ခတ်ပညာရှင်ကြီးရဲ့ဆင်ခြင်မှု (နေဟာ ဗဟိုဖြစ်ပြီး၊ ကမ္ဘာ စတဲ့ဂြိုဟ်တွေက နေကို အဲလစ်ပ် (ဘဲဥပုံမျိုး)နဲ့ လှည့်ပတ်နေတဲ့ အယူအဆ၊ အင်္ဂါဂြိုဟ်သွားရာလမ်းကြောင်း စတာတွေကို ခြုံယူဆင်ခြင်နည်း (Induction) နဲ့ တွက်ချက်ခဲ့သည်လို့ ဆိုပါတယ်။ ဒါပေမဲ့ ခြုံယူဆင်ခြင်မှု အပြည့်အဝဖြစ်တယ်လို့တော့ မဆိုသာပါဘူးတဲ့၊ ယေဘုယျပြုမှု နည်းသတဲ့။

အဲဒီဆင်ခြင်ခြင်းကို နေ့စဉ်သုံးကိစ္စတွေမှာ အသုံးချလို့ ရနိုင်ကြောင်းကိုလည်း တင်ပြပါရစေ။ မိုးတွင်းအခါ အပြင်ထွက်ရင် မိုးကာအင်္ကျီ ဝတ်သွားမလား၊ ဝတ်မသွားဘူးလား။ ရှင်းရှင်းလေးကတော့ မိုးတွင်းဆိုရင် မိုးရွာနိုင်တယ်။ ဒါ့ကြောင့် အပြင်ထွက်ရင် မိုးကာအင်္ကျီ သို့မဟုတ် ထီးယူသွားသင့်တယ်။ ဒါပေမဲ့ အောက်ပါအတွေးလေးကို ဖတ်ကြည့်ပါ။

'ဒီနေ့မနက် အိမ်က ထွက်ခါနီးတော့ အနောက်ဘက် ကောင်းကင်မှာ မိုးတိမ်ညိုတွေတက်လာတာတွေ့ရတယ်။ ကျွန်တော်တို့အရပ်မှာ အနောက်ဘက်ကောင်းကင်က မိုးတိမ်တွေတက်လာရင် မိုးရွာလေ့ရှိတယ်။ ဒါကြောင့် ကျွန်တော်ထီး (မိုးကာ) ယူသွားရမယ်'

(ဒီဆင်ခြေဟာ သိပ်မနိပ်ကြောင်း နောက်တော့ ဆွေးနွေးကြတာပေါ့) ဒီလောကျစ်ဟာ ရန်ကုန်လို ခုနေပူ၊ တော်ကြာ မိုးရွာနဲ့ ရွာချင်တဲ့အချိန် မိုးရွာတတ်တဲ့နေရာမှာတော့ ဘာမှအသုံးမဝင်ပါဘူး။ ဒါကြောင့် အတွေ့အကြုံတွေအရ အနောက်ဘက်ကောင်းကင်မှာ မိုးတိမ်တွေတွေ့ရရင် မိုးရွာလေ့ရှိတဲ့ အရပ်မှာတော့ အသုံးဝင်ကောင်းဝင်ပါလိမ့်မည်။ ဒီကိစ္စမှာ ဖြစ်တန်ရာ အခြေအနေကိုလည်း မေ့ထားလို့မရပါဘူး။ ဆယ်ခါရံတစ်ခါ ဆိုသလို၊ အနောက်ဘက်ကောင်းကင်မှာ မိုးတိမ်ရှိရုံနဲ့ မိုးမရွာတဲ့နေ့တွေ ရှိနိုင်ပါတယ်။

(ဒီကိစ္စကို ဆင်ခြင်ပုံမှန်နဲ့ဆင်ခြင်ပုံမှားအကြောင်း ဆွေးနွေးတဲ့အခါ ပိုရှင်းပါလိမ့်မယ်။)

နောက်တစ်ခုက (မော်တော်ကားမောင်းတဲ့သူတိုင်းဟာ သူမောင်းနေကျ မော်တော်ကားရဲ့ အားနည်းချက်ကို သိနေလေ့ရှိပါတယ်။) မော်တော်ကားမောင်းနေရင်း ထိုးရပ်သွားမယ်။ ဒီကားရဲ့အားနည်းချက်က ဒစ်စတြီဗျူတာ (မီး) နဲ့ အေစီပန့် (ဆီဖြန့်) ပဲရှိတယ်။ အေစီပန့် (ဆီဖြန့်စနစ်) က ဘာမှမဖြစ်ဘူး။ ဒါဖြင့် ဒစ်စတြီဗျူတာကြောင့်ပဲဖြစ်ရမယ်။ (ဒါပေမဲ့ ဓာတ်ဆီ

ကုန်နေတာလည်း ဖြစ်နိုင်တယ်။)

နေ့တိုင်း လမ်းလျှောက်ထွက်တာ ကောင်းသလား

နေ့စဉ် ပုံမှန်လမ်းလျှောက်ထွက်လေ့ရှိသူ အတော်များများဟာ အဲသလို ပုံမှန်လမ်းလျှောက်ထွက်လေ့မရှိသူတွေထက် အသက်ရှည်ကြတယ်။ ဒါကြောင့် နေ့စဉ်ပုံမှန် လမ်းလျှောက်ထွက်သူ (အားလုံး) ဟာ အဲသလို လမ်းလျှောက်ထွက်လေ့မရှိတွေထက် အသက်ရှည်ကြတယ်။

အဲဒါ ယေဘုယျကောက်ချက်ဖြစ်တဲ့အတွက် အတော်များများ မှန်ပါလိမ့်မယ်။

ကျွန်တော့်အတွေ့အကြုံအရ အဖြစ်အပျက်တစ်ခုပြောပါရစေ။ ဆရာကြီး ဦးသိန်းဖေမြင့်၊ ဆရာမြသန်းတင့်၊ ဆရာနတ်နွယ်၊ ဆရာကျော်အောင်၊ ဆရာမောင်နေဝင်း၊ ဆရာမင်းကျော်၊ အစရှိတဲ့ စာရေးဆရာကြီးများကို သိပြီးဖြစ်ပါလိမ့်မယ်။ အဲဒီဆရာကြီးတွေထဲက ဆရာကြီး သိန်းဖေမြင့်၊ ဆရာမြသန်းတင့်၊ ဆရာမောင်နေဝင်း၊ ဆရာမင်းကျော်တို့ဟာ အသက်ဖေ၀ကျော် ၇၀ အတွင်းမှာ ကွယ်လွန်သွားကြပါတယ်။ ဆရာနတ်နွယ်ကတော့ အခု စာရေးချိန်ထိ ကျန်းမာဆဲပါ။ ဆရာနတ်နွယ်နဲ့ ၃၄ လမ်းမှာ တစ်ခါဆုံတော့ ဆရာလမ်းလျှောက်ထွက်သေးလားလို့ မသိသား ဆိုးဝါးစွာ မေးမိပါတယ်။ ဆရာနတ်က လမ်းလျှောက်ထွက်တဲ့လူတွေ သေကုန်လို့ ကိုယ်တော့ လမ်းလျှောက်မထွက်ဘူးလို့ ဟာသနှောပြီး ရယ်ရယ်မောမောပြန်ပြောပါတယ်။ (အဲဒီအချိန်က ဆရာကြီး ဦးကျော်အောင် ကွယ်လွန်ပြီးစပါ)။ ဒါပေမဲ့ ဆရာနတ်ဟာ မြောက်ဥက္ကလာပကနေ ရန်ကုန်မြို့ထဲကို ရက်ခြားထွက်ပြီး အိမ်မှာလည်း ကျန်းမာရေးတွက် အသင့်အတင့် လှုပ်ရှားလိမ့်မယ်ထင်ပါတယ်။ အစားအသောက်၊ အနေအထိုင်လည်း ဆင်ဆင်ခြင်ခြင် ရှိပုံရပါတယ်။ (ဆရာကြီးပါရဂူ) ကတော့ ဆရာမြသန်းတင့် ကွယ်လွန်ရတာဟာ ကျန်းမာမာန်ကြောင့်လို့ ကောက်ချက်ချပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ကိုယ် ကိုယ် ကျန်းမာရေးဒေါင်ဒေါင်မြည် ကောင်းတယ်လို့ယူဆတဲ့ ကျန်းမာမာန်ကြောင့် Silent killer သွေးတိုးနှလုံးရောဂါကို သတိမထားမိကြဘူးလို့ ဆရာကြီးပါရဂူက ဆိုပါတယ်။

ဒါကြောင့် နေ့စဉ် ပုံမှန်လမ်းလျှောက်တာ။ ပေါ့ပါးတဲ့ လေ့ကျင့်ခန်း လုပ်တာဟာ ကျန်းမာအသက်ရှည်ရေးအတွက် အထောက်အကူပြုချက် တစ်ခုဖြစ်တာ အမှန်ပါပဲ။ ဒါပေမဲ့ အဲသလို လေ့ကျင့်ခန်းယူတိုင်း အသက်ရှည်ရမယ်လို့ ယတိပြတ်ပြောလို့မရပါ။ အများအားဖြင့်လို့ပဲ ယေဘုယျ သဘောကို ပြောနိုင်ပါတယ်။

ဒီနေရာမှာ နောက်တစ်ဖက်က စဉ်းစားကြည့်နိုင်ပါတယ်။ ဆရာကြီး ဦးသိန်းဖေမြင့်၊ ဆရာမြသန်းတင့်၊ ဆရာမောင်နေဝင်း၊ ဆရာမင်းကျော်၊ ဆရာကျော်အောင် အစရှိတဲ့ စာရေးဆရာကြီးတွေဟာ နေ့စဉ်ပုံမှန် လမ်းလျှောက်မထွက်ခဲ့ရင် ဒီထက်စောပြီး သေးတိုး၊ နှလုံး၊ ဦးနှောက်ကြော ရောဂါတွေနဲ့ ကွယ်လွန်သွားနိုင်ပါတယ်။

*

အသီးအနှံ၊ သား၊ ငါး တို့ကို မျှမျှတတ စားသောက်တာဟာ ကျန်းမာရေးနဲ့ ညီညွတ်တယ်။

ဒါကြောင့် အာဟာရဖြစ်မယ့် အသီးအနှံနဲ့ သားငါးတို့ကို မျှမျှတတ စားသုံးသူတိုင်း ကျန်းမာတယ်။

ကျွန်တော်တို့ဟာ နေ့တိုင်း ဘာဖြစ်လို့ ထမင်းစားသလဲ၊ ရေသောက်သလဲ၊ ဘာကြောင့်အိပ်သလဲ၊ ဘာကြောင့် အလုပ်လုပ်သလဲ စတဲ့မေးခွန်းတွေကို ကိုယ့်ဘာသာကိုယ် ပြန်မေးလေ့မရှိသလောက် နည်းပါတယ်။ ကျွန်တော့်ကို 'ဘာဖြစ်လို့ ထမင်းစားတာလဲ' မေးရင် 'ဆာလို့' ဒါမှမဟုတ် 'ထမင်းစားချိန် ရောက်လို့' လို့ ဖြေမိမှာပဲ။ ဒီမေးခွန်းကို ဆေးသိပ္ပံပညာရှင်တွေက အဖြေထုတ်တဲ့အခါ 'အာဟာရဖြစ်အောင် ထမင်းစားရတယ်' လို့ ဆိုပါလိမ့်မယ်။

အာဟာရဖြစ်တာတွေက ဘာတွေလဲလို့မေးရင် ထမင်း၊ ဂျူ၊ အသီးအနှံ၊ သားငါး၊ ပဲအမျိုးမျိုး စသဖြင့် အာဟာရဖြစ်နိုင်တဲ့ သင့်လျော်စွာ စားသုံးရမယ့် အကြောင်းတွေကို အဖြေပေးပါလိမ့်မယ်။ အဲသလိုပဲ ရှောင်ရမယ့် အာဟာရတွေကိုလည်း ညွှန်ကြားပါလိမ့်မယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ အတိုဆုံးနဲ့ အထိအမိဆုံး အဆုံးအမရှိပါတယ်။

'အတိုင်းအရည်ကို သိပါ' တဲ့။

ကျန်တဲ့ ပြုမှုမှုတွေလည်း ဒီအတိုင်းပါပဲ။ ဒါကြောင့် တောင်တွေ၊ မြောက်တွေ၊ လျှောက်တွေ၊နေတာထက် ဆင်ခြင်တွေးတောတာဟာ ပိုကောင်းပါတယ်။ ဒါပေမဲ့ အမြဲတမ်း ဆင်ခြင်စဉ်းစားပြီး လောဂျစ်ကို တဂျစ်တည်း ဂျစ်နေရင် ပြဿနာဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ ကျောင်းနေစဉ်တုန်းက ကျောင်းနေဖက်တစ်ယောက်ဟာ လောဂျစ်ကို သိပ်ဝါသနာပါပြီး စာတွေ တအားဖတ်၊ တအားတွေးရာကနေ တစ်ညမှာ 'ခွေးက ဘာကြောင့်အူတာလဲ' လို့ စွတ်အော်နေရင်း 'ပေါက်' သွားလို့ တံတားလေး (စိတ်ကျန်းမာရေးဆေးရုံ) ပို့လိုက်ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အကြောင်းများစွာ တိုက်ဆိုင်ပြီး ၂၀၀၃ ခုနှစ်က စိတ်ဝေဒနာ ခံစားလိုက်ရပါသေးတယ်။ သိပ်အရေးမကြီးတဲ့ကိစ္စတွေမှာ စိတ်ကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး (အသင့်အတင့်နှလုံးသွင်း) ထားတာ ပိုကောင်းပါတယ်။ လိုအပ်လာပြီ ဆိုရင်တော့ ဦးနှောက်တစ်ဆုံး နှိုက်သင့်ပါတယ်။ 'အလုပ်ချိန်မှာ အလုပ်လုပ်ပါ' 'ကစားချိန်မှာ ကစားပါ' ဆိုတဲ့ ဆုံးမစာကလေးကို ကျွန်တော်တို့ ငယ်ငယ်ကသင်ရပါတယ်။ ခု အသက်အရွယ်ရောက်မှ ညြော်... အဲဒါ သတိပဋ္ဌာန်ကို သူ့နည်းနဲ့သူပြောတာပါလားလို့ သဘောပေါက်လာပါတယ်။ 'ပစ္စုပ္ပန်တည့်တည့်ရှု' ဆိုတဲ့စကားနဲ့လည်း ဆင်ဆင်တူတယ်လို့ ထင်ပါတယ်။

ပစ္စုပ္ပန်ဆိုတာ အတိတ်ကို ဖြတ်သွားဖို့ မှတ်ထားတဲ့ အလွန်သေးငယ်လှတဲ့ အစက်ကလေး တစ်စက်ပါပဲ။ ရှင်းရှင်းပြောရရင် ပစ္စုပ္ပန်ဆိုတာ ရှိတယ်လို့တောင် မထင်ရပါဘူး။

ထုတ်ယူယုတ္တိဗေဒ (Deductive logic) အကြောင်း ဆက်ပါရစေ။

ထုတ်ယူယုတ္တိဗေဒ

ရှေးရှေးကတည်းက လူတွေဟာ သဘာဝလောကကြီးကို ကြည့်ရှုလေ့လာရင်းနဲ့သိလာတဲ့ ယေဘုယျသဘောတွေကို မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်းကြပါတယ်။ အဲဒီလို ယေဘုယျတွေ.ရှိချက်တွေကနေပြီး သီးခြားနိဂုံး (ကောက်ချက်) ဆွဲယူတာကို ထုတ်ယူယုတ္တိဗေဒ (Deductive Logic) လို့ ခေါ်ပါတယ်။

အရှင်းဆုံးဥပမာကတော့ – လူသည် သေမျိုးဖြစ်၏။

မောင်ဘသည် လူဖြစ်၏။

ထို့ကြောင့် မောင်ဘသည် သေမျိုးဖြစ်၏။

ဆိုတဲ့ နိဂုံး ကောက်ချက်ဆွဲနည်းပါပဲ။

ဒီကိစ္စကိုတော့ ငြင်းချက်ထုတ်ဖို့ မလွယ်လှပါဘူး။ ဒါဟာ ယေဘုယျ အမှန်ပဲဖြစ်တယ်။ အလုံးစုံအမှန်တရားမဟုတ်ဘူးလို့ ငြင်းဖို့ တော်တော် ခက်ခဲသွားပါပြီ။

အရှေ့တိုင်းကတော့ ဒီပြဿနာကို ဖြေရှင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ ဘာသာရေးတွေနဲ့ ပတ်သက်နေလို့ ဒီနေရာမှာ ငြင်းချက်မထုတ်သင့်ဘူး ထင်ပါတယ်။ ဒါပေမဲ့ ဆင်ခြင်စဉ်းစားတာကို ဝါသနာထုံတဲ့ ပုဂ္ဂိုလ်များ အတွက် သက္ကတ ဗုဒ္ဓ အဘိဓမ္မာထဲကနေ Poussin ဆိုတဲ့ ပုဂ္ဂိုလ် အင်္ဂလိပ်လို ပြန်ဆိုထားတဲ့ THE WAY OF NIRVANA စာအုပ်ထဲမှာ ပါတဲ့ စာပိုဒ် တစ်ပိုဒ်ကို ဖော်ပြလိုက်ပါတယ်။ (အဲဒီစာအုပ်ကို ကျွန်တော် မဖတ်ဖူးပါ။ ဆရာကြီး ဦးအေးမောင် မြန်မာပြန်ထားတာကို ကူးချလိုက်တာပါ)

"မြစ်တစ်စင်းသည် တောအုပ်တစ်ခုကို ဖြတ်၍ စီးဆင်းနေ၏။ မြစ် တစ်ဖက်ကမ်း၌ တောမီးလောင်လျက်ရှိ၏။ ထိုမီးသည် အစိုင်အခဲကြီး မဟုတ်ဘဲ ခဏမျှဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားသော မီးတောက်မီးလျှံများ တစ်ခုပေါ်တစ်ခု အမှီပြုကာ အလျှဉ်မပြတ် ဖြစ်ပေါ်နေခြင်းဖြစ်၏။

လူ၏ ရုပ်နာမ်တရားတို့သည်လည်း ထိုမီးလျှံများကဲ့သို့ပင် ခဏမစဲ တဖွဲဖွဲဖြစ်ပေါ်ချုပ်ပျောက်လျက်ရှိ၏။ မီးငြိမ်းခါနီးဆဲဆဲတွင် လေ၏ အရှိန်ကြောင့် အခြားတစ်ဖက်ကမ်းရှိ တောအုပ်ကို မီးစွဲလောင်၏။ မီးသည် မြစ်ကို ဖြတ်ကူးသွားသည်မဟုတ်။

တစ်ဖက်ကမ်းက မီးသည် အခြားတစ်ဖက်ကမ်းမှာ လောင်သော မီးနှင့်အတူတူ (တစ်ခုတည်း) ဖြစ်သည်၊ သို့မဟုတ် တခြားစီဖြစ်သည်ဟု မယူအပ်။

စင်စစ်သော်ကား မြစ်က ခြားထားပါလျက် လေ၏အရှိန်ကြောင့် မီးတောက်မီးလျှံတို့သည် အလျှဉ်ပြတ်စဲသွားခြင်းမရှိကြောင်း ထင်ရှား၏။ ထို့အတူ ရုပ်၊ နာမ် တို့သည် ခန္ဓာကိုယ် ပျက်စီး (သေ) စေကာမူ 'တဏှာ'၏

အစွမ်းကြောင့် အကြွင်းမဲ့ ချုပ်ငြိမ်းပြတ်စဲခြင်း မဖြစ်နိုင်ချေ"

သည်လိုအဆိုပြုချက်တွေ (တရားသဘောတွေ) နှင့် တွေ့လျှင် လူသည် သေမျိုးဖြစ်၏ ဆိုတဲ့ နိဂုံးမှာ စဉ်းစားစရာ မြောက်မြားစွာ ရှိလာတော့မှာ ဖြစ်ပါတယ်။

ပါဠိပိဋကတ် မိလိန္ဒပဉှာမှာလည်း ဆီမီးဥပမာ၊ သရက်ပင် သရက်သီးဥပမာ စတာတွေနဲ့ ရှင်းပြထားပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားကတော့ နောက်ဘဝ ရှိ မရှိ၊ ရှေ့ဘဝ ရှိ မရှိ သို့မဟုတ် မရှိတရှိ သို့မဟုတ် တချို့ ရှိ၊ တချို့ မရှိ ဆိုတဲ့ကိစ္စတွေ စဉ်းစားမနေနဲ့၊ အဲဒါ မင်းအလုပ်မဟုတ်ဘူး။ အဆိပ်လူးမြား အစိုက်ခံရတဲ့လူဟာ ဘယ်ကလာတဲ့ မြားလဲ၊ ဘာအဆိပ်လဲ၊ ဘယ်သူပစ်တာလဲ စသဖြင့် လျှောက်စဉ်းစားနေတာထက် မြားကို ချက်ချင်းနုတ်၊ ဆေးကုသ၊ ဒါမှ သက်သာမယ်။ ဒီလိုပဲ ဟိုဟာဒီဟာတွေ လျှောက်မတွေးဘဲ လက်ငင်း လက်တွေ့သံသရာက လွတ်ကြောင်းတရား၊ မြတ်သောအကျင့်ကို ကျင့်သင့်တယ်လို့ ဟောပါတယ်။ (မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ်၊ စူဠ မာလုက္ကျပုတ္တသုတ်)မှာ အပြည့်အစုံ ဖတ်နိုင်ပါတယ်။

အဲဒီ 'လူသည် သေမျိုးဖြစ်သည်' ဆိုတာနဲ့ပတ်သက်ပြီး ဆက်စဉ်းစားချင်လျှင် လယ်တီဆရာတော်ကြီးရဲ့ အနတ္တဒီပနီ စသည်များ၊ မိလိန္ဒပဉှာ အစရှိတဲ့ ကျမ်းစာတွေကို ဖတ်ကြည့်စေချင်ပါတယ်။ အခြားဘာသာဝင်များလည်း ကိုးကွယ်ရာဘာသာရဲ့ အဓိကအချက်ကို လေ့လာသင့်တယ် ထင်ပါတယ်။

အနောက်တိုင်းလောကျစ်မှာ ဒီလိုဆွေးနွေးတာတွေ မပါပါဘူး။ သူတို့က ဘာသာရေးကို THEOLOGY ဆိုတဲ့ ဘာသာရပ်နဲ့ သပ်သပ်လေ့လာကြပါတယ်။

ဒါပေမဲ့ လောကျစ်ရဲ့ တရားကိုယ်ကိုက အမှန်နဲ့ အနီးစပ်ဆုံး ယေဘုယျအကျဆုံး အဖြေကို ရှာတာပဲ မဟုတ်ပါလား။

ထုတ်ယူယုတ္တိဗေဒကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ 'ယေဘုယျ' ကျတဲ့ နိဒါန်းကြီးကို major premise ကနေ သီးခြား နိဂုံးငယ် (minor premise)ကို ထုတ်နုတ်ယူခြင်းလို့ ဆိုထားပါတယ်။

'ယေဘုယျ' လို့ သုံးကတည်းက သေချာပေါက် အမှန်ကြီးလို့ ပြောလို့

မရနိုင်တော့ပါဘူး။ (ခြွင်းချက်ရှိနေပါတယ်)

ဒီတော့ ထုတ်ယူလောဂျစ် (ယုတ္တိဗေဒ) ဆိုတာကို ခပ်လွယ်လွယ် အရပ်စကားနဲ့ပြောရရင် အစဉ်အလာအားဖြင့်ဖြစ်ဖြစ်၊ အတွေ့အကြုံများကြောင့် ဖြစ်ဖြစ် သိထားပြီးဖြစ်တဲ့ ယေဘုယျအမှန်တရားကနေပြီး (အများအားဖြင့် မှန်တယ် ဆိုတဲ့ သဘောကနေပြီး) သီးခြား ကောက်ချက်ချနည်း၊ သို့မဟုတ် တစ်စုံတစ်ယောက်အတွက် ယေဘုယျ ကောက်ချက်ဆွဲယူတာပါပဲ။ ဥပမာပြောရရင်

'မြန်မာလူမျိုးတွေမှာ အနက်ရောင်မျက်စိ ရှိကြတယ်။

မောင်ဝဏ္ဏဟာ မြန်မာလူမျိုးဖြစ်တယ်။

ဒါကြောင့် မောင်ဝဏ္ဏမှာ အနက်ရောင်မျက်စိ ရှိတယ်' ဆိုတဲ့ ဆင်ခြင်ခြင်းမျိုးပါပဲ။

ယေဘုယျအမှန်လို့ ဆိုထားတဲ့အတွက် လုံးဝနက်နေတဲ့ မျက်စိမဟုတ်ဘဲ ခပ်မှောင်မှောင် အညိုရင့်ရောင်ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အနောက်တိုင်းသား အများစုလို အပြာရောင်မျက်လုံး မဟုတ်တာတော့ သေချာပါတယ်။

o

ငါးစိမ်းတန်းလော့ဂျစ်မှသည်

ဦးနှောက်အညောင်းပြေ ငါးသည်တွေနဲ့ အိမ်ရှင်မတွေအကြောင်း စဉ်းစားကြည့်ရအောင်ပါ။ လောဂျစ်နဲ့ နည်းနည်းပတ်သက်နေလို့ ပြောပါရစေ။

အလယ်တန်းသင်္ချာ သို့မဟုတ် အထက်တန်းသင်္ချာကို သင်ထားရတဲ့ လူတစ်ယောက်ကို ဈေးထဲမှာ ငါးဝယ်ခိုင်းလိုက်ပါ။ အလယ်တန်းမှာ ဈေးတွက်သင်ရပါလိမ့်မယ်။ ဆယ်တန်းလောက်မှ ဖြစ်တန်စွမ်း (Probability) ကို သင်ရပါသတဲ့။

ငါးဈေးက တစ်ပိဿာ ရှစ်ရာ့အစိတ် (၈၂၅ ကျပ်) ဆိုပါတော့။ ငါးကို ချိန်လိုက်တော့ ခြောက်ဆယ့်ငါးကျပ်သား ရှိတယ်ဆိုပါစို့။ ကျောင်းက သင်ပေးထားတဲ့ ဈေးတွက် (စိတ်တွက်) ကို မေ့ပြီး သင်္ချာပုံသေနည်းနဲ့ တွက်ရင်

တစ်ပိဿာ = ၁၀၀ ကျပ်သား = ၈၂၅

၁၀၀ = ၈၂၅

၆၅ = ?

$$\text{၈၂၅} \times \frac{\text{၆၅}}{\text{၁၀၀}}$$

အဖြေက ၆၅ ကျပ်သား = ၅၃၆ ကျပ် ၂၅ ပြား

အဲဒါကို စာရွက်တစ်ရွက်နဲ့ ခဲတံ (ဘောပင်)တစ်ချောင်းနဲ့ တွက်ကြည့်ပါ။ အတွက်အချက်တော်ပါတယ်ဆိုတဲ့ ကျောင်းသားဟာ အနည်းဆုံး နှစ်မိနစ်တော့ တွက်ရပါလိမ့်မယ်။ ဂဏန်းပေါင်းစက်ကလေး ပါရင်တော့ လွယ်သပေါ့။